
www.burmeseclassic.com




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၆၁၁၀၅၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၆၅၁၀၆၁၁ |
| အဖုံးဒီဇိုင်း | - | ကိုဆန်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြ-၀၃၇၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၉၀၂) စံပယ်အော့ဖ်ဆက် ၆၇၊ စကားဝါလမ်း၊ အုံဖြူနယ်၊ ရန်ကုန်။ |
| အတွင်းပလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - | ၂၀၁၁ ခုနှစ်၊ ဇွန်လ။ ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၆၀၀ ကျပ် |

၈၉၅ . ၈၃

ပြည့်ပိုင်မှူးအိမ်

သမီးလိုချင်အမေကြည့်/ပြည့်ပိုင်မှူးအိမ်။ - ရန်ကုန် စိုးမိုးစာပေ၊ ၂၀၁၁

၁၄၀ - စာ၊ ၁၃.၅ × ၂၀.၅ စင်တီ။

(၁) သမီးလိုချင်အမေကြည့်


BURMESE CLASSIC .com



Pray to God to preserve you from bad woman, and preserve yourself from the good ones.

မိန်းမဆိုးနှင့် ကင်းဝေးစေရန် ဘုရားထံ၌ ဆုတောင်း၍ မိန်းမတောင်းနှင့် ကင်းဝေးရန်အတွက် မိမိကိုယ်မိမိသာ ကာကွယ်ရာ၏။

YIDDISH Proverb

× × × ×

www.burmeseclassic.com

www.burmeseclassic.com



တိုက်တန်းလျားသုံးခန်းတွင် သူ၏အခန်းက အလယ်ခန်း။ သူ့အခန်း၏ ညာဘက်အခန်းတွင် သင်္ဘောသားကတော်တစ်ယောက်နှင့် သူ့ထက် သုံးနှစ်ခန့်ငယ်မည့် သင်္ဘောသား၏သမီးတို့ ငှားနေကြသည်။

ဘယ်ဘက်အခန်းကတော့ ငှားနေသူမရှိသေး၍ လွတ်နေသေးသည်။ သို့သော် မနေ့ရှေ့တစ်ရက်က အိမ်ရှင်နှင့်အလုပ်သမားများက ထိုအခန်းလွတ်ကိုလာ၍ ရှင်းသွားကြသည်။ မကြာမီ အိမ်ငှားအသစ်ရောက်လာမည်ဟု ဆိုသည်။ ရောက်လာမည့်အိမ်ငှားကနှစ်ယောက်ဟု သိရသည်။ သူ နားစွန်နားဖျား ကြားလိုက်ရသည်က





မုဆိုးမသားအမိနှစ်ယောက် လာနေကြမည်ဟူ၍။

သူ. . . ဤအိမ်ခန်းကို ငှားနေသည်က နှစ်ပတ်ခန့်သာရှိသေးသည်။ သူတို့၏အိမ်ရှင်ကတော့ ခပ်လှမ်းလှမ်းက အိမ်ကြီးမှာနေကြသည်။ သိရသလောက် အိမ်ရှင်လင်မယားနှစ်ဦး၏ သားသမီးများက နယ်မှာ အိမ်ထောင်ကိုယ်စီဖြင့် နေကြပြီး တစ်နှစ်မှ တစ်ကြိမ်နှစ်ကြိမ်ခန့်သာ ခေတ္တခဏ ပြန်လာတတ်ကြသည်။

"ဟဲ့. . . ကောင်လေး၊ အန်တီဈေးသွားမလို့ ဘာမှာဦးမလဲ"

ညာဘက်ခန်းရှိ သင်္ဘောသားကတော် အန်တီမြက သူ့ကို လှမ်းကာမေးသည်မို့ သူ ခေါင်းကို ခါယမ်းပြဖြစ်သည်။

"ဘာမှမမှာတော့ဘူး အန်တီ၊ ကျွန်တော်က အချက်အပြုတ်ပျင်းတော့ ချက်မစားဖြစ်တာများတယ်"

"သိပါတယ်၊ ဒါပေမယ့် ဒီနေ့ အန်တီက ပုစွန်ထုပ်ဝယ်မှာဆိုတော့ မင်းမှာရင်လည်း ပိုဝယ်ခဲ့မလို့၊ များများဝယ်ရင် ဈေးလျှော့တယ်လေ၊ အဟင်း. . . ဟင်း"

မရယ်ချင်ရယ်ချင်ဖြင့် ငှက်ဖျားတက်သလို 'တဟင်းဟင်း' ရယ်ရင်း အန်တီမြက ပုစွန်ထုပ်ဝယ်မည့်အကြောင်း ကပ်ကာကြွားသည်။ အန်တီမြ၏ဘေးမှ သမီးဖြစ်သူ ဧကရီကတော့ သူ့မအမေ၏နောက်မှနေ သူ့ကိုလျှာထုတ်ပြရင်း ပြောင်ကာနေသည်။

"ကျေးဇူးပါပဲဗျာ၊ ဘာမှမမှာတော့ပါဘူး"

ဟု အရယ်တစ်ဝက်ဖြင့် သူဆိုဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



“ဒါဆို အန်တီတို့ ဈေးသွားလိုက်ဦးမယ်နော်”

“ဟုတ်ကဲ့ပါ အန်တီ”

အန်တီမြကို ‘ဟုတ်ကဲ့’ဟု သူပြန်၍ဆိုဖြစ်သည်။ ဧကရီက တော့ သူမ၏လက်ထဲမှ ထီးကိုဖွင့်ကာ ခပ်နွဲ့နွဲ့ပင် လျှောက်ကာ အမေ ဖြစ်သူနှင့် လိုက်ကာသွားသည်။

သူ ဘေးမှာချထားသောစာအုပ်ကို ယူကာ ဖတ်နေဖြစ် သည်။ သူတို့ အန်တီမြတို့ နေထိုင်သော တိုက်တန်းလျားကြီးသည် အန်တီမြတို့ မရှိသည်နှင့် တိတ်ဆိတ်ကာသွားသည်မို့ စာဖတ်၍ ပိုကောင်းကာနေသည်။

တိုက်တန်းလျား၏ အခန်းသုံးခန်းအနက် အလယ်တွင်ရှိ သော သူ့အခန်းရှေ့တည့်တည့်ရှိ ပိတောက်ပင်ကြီး၏ အရိပ်ကလည်း အပူဒဏ်ကို တော်တော်ကြီး ကာကွယ်ပေးထားသည်မို့ ပိတောက်ပင် ခြေရင်းရှိ သစ်သားကွပ်ပျစ်မှာ နေ့ရောညပါ အချိန်ရလျှင်ရသလို သူ လေညှင်းခံနေကြ။

စာထဲတွင် အာရုံဝင်စားနေသည်မှာ အချိန်မည်မျှကြာသွား သည်မသိ စကားဆိုသံများ ကြားရသည်မို့ သူလှည့်ကြည့်ဖြစ်တော့ အန်တီမြတို့သားအမိပင် ဈေးမှပြန်လာနေပြီဖြစ်သည်။ အန်တီမြက သူ့ကို လှမ်းပြုံးပြသည်။

“ဟာ. . . အန်တီမြတို့ သားအမိ ဈေးသွားတာ မြန်လှချည် လား”



သူ အံ့အားတသင့်ဆိုရင်း နှုတ်ဆက်ဖြစ်သည်။

“မြန်ဆို အသွားရောအပြန်ရော Taxi နဲ့ သွားတာလေ၊ သိတယ်မဟုတ်လား မာမီက လိုင်းကားကို ဘယ်တုန်းကမှ စိတ်ရှည် လက်ရှည်စောင့်ပြီး မစီးဘူး၊ ဈေးဝယ်တာကလည်း နှစ်မျိုးသုံးမျိုးဆို တော့ မြန်တာပေါ့”

BURMESE CLASSIC .com

ဧကရီက Taxi ခကို နှမြောဟန်ဖြင့် ရေရွတ်ပြသည်။

“ဟဲ့. . . နင်ကလူငယ်ဆိုတော့ လိုင်းကားစီးနိုင်မှာပေါ့၊ မာမီ က လူကြီးလေ ဘယ်လိုလုပ် လိုင်းကားကို စီးနိုင်ပါ့မလဲ၊ မဖြစ်သေးပါ ဘူး မောင် ဒီတစ်ခေါက် သင်္ဘောဆင်းရင် ကားအကောင်းစား မဟုတ်တောင် ဒီလိုပေစုတ်စုတ်ကားလေးပဲဖြစ်ဖြစ် အကြွမ်းစီးရ အောင် ဝယ်ခိုင်းဦးမယ်၊ မရှိသုံးလေး သုံးရတာပေါ့၊ လာလာ သမီး သွားမယ်”

အန်တီမြက မလှမ်းမကမ်းတွင် ရပ်ထားသော သူ၏ ဆလွန်းကားကို မေးငေါ့ကာ ‘ပေစုတ်စုတ်ကား’ဟုဆိုရင်း ခပ်တင်း တင်းပင် သမီးဖြစ်သူ၏လက်ကို ဆွဲကာ သူမတို့၏အခန်းဆီ ခြေဦး လှည့်သည်။

‘ပေစုတ်စုတ်ကား’ဟု အပြောခံလိုက်ရသော သူ့ကားကို လှမ်းကြည့်ရင်း သူ့ရင်ထဲမှာ အောင့်သက်သက် ဖြစ်ကာသွားမိသည်။

× × × ×

www.burmeseclassic.com

www.burmeseclassic.com



နံနက်ခင်းတိုင်း သူက အမြဲလမ်းလျှောက်နေကြမို့ လမ်းလျှောက်ပြီးအပြန် လမ်းထိပ်တွင်ဝယ်ခဲ့သော ဂျာနယ်ကို အခန်းရှေ့ရှိ ပိတောက်ပင်အောက်တွင် သူထိုင်ကာဖတ်နေစဉ် ကားတစ်စီးက သူ၏ဘယ်ဘက်အခန်းရှေ့မှာ ထိုးရပ်သည်။

ဂျာနယ်ကို လက်မှာကိုင်ထားရင်း ဘာရယ်မဟုတ် ကားဆီသူ လှမ်းကြည့်ဖြစ်သည်။

ကားရှေ့ခန်းမှ သားအမိဖြစ်ဟန်တူသော အန်တီတစ်ယောက်နှင့် တစ်ဖက်ခန်းမှ ကေရီတို့အရွယ် ကောင်မလေးတစ်ယောက် ဆင်းလာကြသည်။ တီရှပ်နှင့် ဂျင်းဘောင်းဘီကို





ဝတ်ထားသော ယင်းကောင်မလေးက ရိုးရိုးရှင်းရှင်း ဂတ်ဆင်ထားသော်လည်း အတော်လေး လန်းကာနေသည်မို့ ဘာရယ်မဟုတ် သူ လှမ်းရှိုးနေဖြစ်သည်။

ထိုစဉ်မှာပင် အန်တီကြီးက သူ့ဆီတည့်တည့်ကြီးလျှောက်ကာလာရင်း 'ဟိုး'ခနဲ သူ့ကိုရယ်ပြသည်။

ကြောင်တောင်တောင်နှင့်ပင် သူပြန်ရယ်ပြဖြစ်သည်။

"လူလေးက ဒီဘက်အခန်းမှာနေတယ်ဆိုတဲ့ တစ်ယောက်လား"

"ဟုတ်ကဲ့"

"အေးကွယ် အန်တီက ဒီဘက်အခန်းကို ပြောင်းလာတာ အိမ်နီးနားချင်းဆွေမျိုးရင်း ဆိုသလိုပေါ့ကွယ်၊ တစ်ယောက်နဲ့ တစ်ယောက် ဆွေမျိုးတွေလိုနေကြတာပေါ့ ဟုတ်ဘူးလား"

"ဟုတ်ကဲ့"

ဟုတ်ကဲ့ဟု နှုတ်မှဆိုလိုက်ရသော်လည်း စိတ်ထဲမှာတော့ 'သားလို သမက်လို သဘောထားပေါ့ အန်တီရယ်'ဟု ရွှတ်နောက်နောက်တွေးမိသည်။

"အဒေါ် နာမည်က ဒေါ်လှရီတဲ့၊ လူလေးနာမည်ကရော ဘယ်လိုခေါ်တုန်း"ဟူသော အမေးစကားကြောင့် သူခေါင်းညိတ်ပြဖြစ်သည်။

ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"ဖြိုးတေဇပါခင်ဗျ"

ဟု ဆိုဖြစ်သည်။

"နာမည်လေးကခန့်တယ်ကွယ်၊ ဒါနဲ့ ဖုန်းလေးခဏလောက် ငှားပါလား"

"ဗျာ"

အဆက်အစပ်မရှိသော ဒေါ်လှရီ၏စကားကြောင့် သူ ကြောင်အအနှင့်ပင် 'ဗျာ'ဟု ရေရွတ်ဖြစ်သည်။

ဒေါ်လှရီက သူ့ခါးမှဖုန်းကို မျက်စပစ်ပြရင်း. . .

"ဖုန်းလေးခဏလောက်လို့ ပြောတာ၊ ရန်ကုန်ရောက်ပြီ ဆိုတာ အိမ်ကလူတွေကို လှမ်းဆက်ချင်လို့"

ဟု ဆိုသည်။

"ဪ. . . ဟုတ်ကဲ့"

သူခေါင်းညိတ်ရင်း ဖုန်းကိုကမ်းပေးဖြစ်သည်။

"ရော့. . . သမီး ညည်းအဘွားကိုခေါ်စမ်း"

ဒေါ်လှရီက နောက်မှကောင်မလေးကို ဖုန်းလှမ်းပေးရင်း 'ခေါ်စမ်း'ဟု အမိန့်သံဖြင့် ဆိုသည်။ ကောင်မလေးက 'ဟုတ်ကဲ့'ဟု ဆိုရင်း ဖုန်းကိုလှမ်းကာယူသည်။

"အဒေါ်က ဒီခေတ်ပေါ်ဖုန်းတွေ မခေါ်တတ်ဘူးကွဲ့၊ ကြိုးဖုန်းပဲခေါ်တတ်တာ၊ အဟီး"

သူ့ကိုလှမ်းကြည့်ရင်း ဆိုသည်မို့ သူပြန်ပြုံးပြဖြစ်သည်။

BURMESE CLASSIC .com



"ရပြီ မေမေ၊ အဘွားလား၊ ဟဲလို. . . ဟုတ်ကဲ့ အဘွား မြေးတို့ ရန်ကုန်ရောက်ပြီ၊ ဒီမှာ မေမေနဲ့ပြောလိုက်ဦး"

ကောင်မလေးက ဒေါ်လှရီကို ဖုန်းလှမ်းပေးသည်။

"ဟဲလို. . . အမေ သမီးပါ"

ဒေါ်လှရီက ဖုန်းကိုလှမ်းယူကာ 'သမီးပါ'ဟုဆိုသည်။ ကောင်မလေးက သူ့ကိုလှမ်းကြည့်နေသည်မို့ သူလှမ်း၍ ပြုံးပြဖြစ်သည်။ ကောင်မလေးက ပြန်၍ပြုံးပြသည်လည်းမဟုတ် ခေါင်းညိတ်ပြသည်လည်းမဟုတ်သော အမူအရာဖြင့် တုံ့ပြန်သည်။ ဘာကြီးမှန်းကိုမသိ၊ အဲဒီဘာကြီးမှန်းမသိတာကိုက ချစ်စရာလေးဖြစ်ကာနေသည်။

ကားပေါ်မှာပါလာသော အလုပ်သမားတချို့ကတော့ အိမ်ထဲသို့ ပစ္စည်းများကို သယ်ချနေကြသည်။

'တိုက်တန်းလျားကတော့ စိုပြေပြီကွ'

ဟု တွေးရင်း သူ မသိမသာပြုံးဖြစ်သည်။

× × × ×

www.burmeseclassic.com

www.burmeseclassic.com

နှစ်ရက်သုံးရက်ခန့် ကြာသောအခါ ဒေါ်လှရီတို့သားအမိသည် သဘော်သားကတော် အန်တီမြနှင့်ရော သူနှင့်ပါ အတော်လေးမျက်မှန်းတန်းမိလာသည်။

"ဟဲ့. . . ဟဲ့ တောင်လေး ငါမေးပါဦးမယ်၊ မင်းမနက်အစောကြီး တဘက်လေးပခုံးပေါ်တင်ပြီးတော့ ပြန်လာတာတွေ့တယ်၊ မင်းက ညဘက်အလုပ်လုပ်တာလား"

ဒေါ်လှရီ၏အမေးကို သူ ချက်ချင်း ဘာပြန်ဖြေရမှန်းမသိ၊ မနက်အစောကြီး တဘက်ပခုံးပေါ်တင်ကာ ပြန်လာသည်က လေ့ကျင့်ခန်းလုပ်ရင်း လမ်းလျှောက်ပြန်ခြင်းဖြစ်သည်။ 'မင်းက



ညဘက်အလုပ်လုပ်တာလား'ဆိုတော့ သူက ပန်းချီဆရာမို့ စိတ်ရှိလျှင်ရှိသည့်အချိန် ပန်းချီဆွဲဖြစ်သော်လည်း ညပိုင်းမှာ ပန်းချီပိုဆွဲဖြစ်သည်။ ထို့ကြောင့်. . .

"ဟုတ်ကဲ့. . . ကျွန်တော် ညဘက်အလုပ်လုပ်တာများတယ်"

ဟု ဖြေဖြစ်သည်။

"ထင်တော့ထင်တယ်၊ ဒီရုပ်ဒီရည်နဲ့ ညစောင့်ကလွဲပြီး ဘာမှမဖြစ်နိုင်ဘူးလို့တော့ တွေးမိသား"

"ဗျာ"

"ဘယ်လိုလဲ. . . ငါပြောတာမှန်တယ်မဟုတ်လား၊ မင်းရဲ့ညစောင့်အလုပ်က ဘယ်မှာလုပ်တာလဲ"

"ကျွန်တော်"

သူခေါင်းတိုကုတ်ရင်း အောင့်သီးအောင့်သက်ဖြင့် ရယ်ချင်ရင်းနှင့်ပင် ဒေါ်လှရီကို ဘာပြန်ပြောရမှန်းမသိ။

ထိုအချိန်မှာပင် သူ့အခက်အခဲကို အန်တီမြက ဝင်၍ကူညီသွားသည်။ နားစွန်နားဖျားကြားဟန်တူသော အန်တီမြက. . .

"ဘယ်ကလာ သူက ညစောင့်ရမှာတုန်း၊ သူက ပန်းချီဆရာ"

ဟု ဝင်၍ဆိုသည်။

"ဪ. . . ဆိုင်းဘုတ်တွေ၊ နံပါတ်ပြားတွေ ရေးတာလား"

ဒေါ်လှရီက အကြောင်းကြောင်းဖြင့် ပြန်၍မေးသောအမေး ကြောင့် သူပို၍နင်ကာသွားရသည်။ 'ဟုတ်ကဲ့'ဟု ခေါင်းညိတ်ပြလုလု ဖြစ်ကာသွားသည်။

"ကဲ. . . ကဲ မောင်ဖြိုးတေဇရေ မင်းအခန်းထဲခေါ်ပြီး မင်းရဲ့ပန်းချီကားတွေသာ ပြလိုက်တော့၊ မဟုတ်ရင် ငါလည်းမရှင်း တတ်တော့ဘူး"

အန်တီမြက ခေါင်းယမ်းရင်းဆိုသည်။

"ပြစမ်းပါ ကြည့်ရအောင်"

ပြောပြောဆိုဆိုပင် ဒေါ်လှရီက သူ့အခန်းဆီဦးတည်ကာ ရွေ့ကသွားသည်။ အန်တီမြက 'လိုက်ပြလိုက်ဦး'ဆိုသောသဘောဖြင့် မေးဆတ်ပြသည်။

"ဒီလိုပုံမျိုးတွေပေါ့"

ဟိုဟာချို့ဒီတချို့ ထောင်ထား၊ ချိတ်ထားသော ပန်းချီကား တချို့နှင့် ဆွဲလက်စပန်းချီကားတချို့ကို သူပြဖြစ်သည်။ အန်တီမြ လည်း သူ့နောက်မှာရှိနေသည်။

"ဘာပုံတွေတုန်းဟယ်၊ မင်းပုံတွေကြည့်ရတာ ကလေးတွေ လျှောက်ဆော့ထားတဲ့အတိုင်းပဲ၊ မျက်စိကိုနောက်တယ်"

ဒေါ်လှရီ၏ အားပေးစကားကြောင့် သူ ဘာပြန်ပြောလို့ ပြောရမှန်းမသိ။

"ဒါ မော်ဒန်ပန်းချီလို့ခေါ်တယ် ဒေါ်လှရီရဲ့၊ ဒီပန်းချီကား





တစ်ကားတစ်ကားကို သိန်းနဲ့ချီတန်တယ်"

"ဒါကြီးက သိန်းနဲ့ချီတန်တယ် ဟုတ်လား"

အန်တီမြက 'သိန်းနဲ့ချီတန်တယ်'ဟု ဝင်၍အဆို ဒေါ်လှရီက ရင်ဘတ်ကိုဖိရင်း မျက်လုံးပြူးမျက်ဆံပြူးဖြင့် ဆိုသည်။

ပြီး. . .

"အံ့ပါရဲ့အေ. . . ဘယ်လိုလူတွေကများ ဒီပုံတွေကို သိန်းချီ ပေးပြီး ဝယ်ကြပါလိမ့်တော်၊ ကျုပ်တို့အိမ်မှာများ ဒါမျိုးကို အလကား ပေးတောင် မချိတ်ဘူး၊ မျက်စိနောက်ကနောက်နဲ့"

ဟု ဆိုသည်။ တလက်စတည်းပင်. . .

"ကဲ ကဲ သွားမယ်၊ ကြာကြာနေရင် ကျုပ် ခေါင်းမူးလိမ့်မယ်"

ဟုဆိုကာ လိမ်ကျစ်လိမ်ကျစ်ဖြင့် သူ့အခန်းထဲမှ ထွက်ကာ သွားသည်။ အန်တီမြကတော့ သူ့ပခုံးကိုပုတ်ရင်း ခွီးခနဲရယ်သည်။

"ငါတို့တော့ တကယ့်အိမ်နီးနားချင်းနဲ့ တွေ့ကြပြီနဲ့တူတယ်"

ပြောရင်း အန်တီမြက ရယ်ပြန်သည်။

ပြီး. . .

"ဗင်းအိုးတည်ထားလို့ ပြန်ပြီဟေ့"

ဟုဆိုကာ ထွက်သွားသည်။ အခန်းထဲမှာ သူတစ်ယောက် တည်း ကျန်ရစ်သည်။ ဘာရယ်မဟုတ် သူ့ပန်းချီကားများကို သူ တစ်ချက်ပြန်လှည့်ကြည့်ဖြစ်ရင်း ဟက်ခနဲ ရယ်ဖြစ်သည်။

× × × ×

www.burmeseclassic.com



“သမီးက ဟိုသင်တန်း ဒီသင်တန်းတွေ တက်ချင်တယ်ဆိုလို့လေ၊ သူတစ်ယောက်တည်း ရန်ကုန်လွှတ်လိုက်ရမှာ စိတ်မချလို့ ကျွန်မပါ လိုက်လာခဲ့တာ၊ တကယ်ဆို သူ့အဘွားပါလိုက်ခဲ့ဦးမလို့ပဲ၊ သိပ်နေမကောင်းလို့ ကျန်ခဲ့တာလေ”

ဒေါ်လှရီက သမီးဖြစ်သူကို မေးဆတ်ပြရင်း ဆိုသည်။ ပိတောက်ပင်ကြီးအောက်ရှိ ကွပ်ပျစ်ပေါ်တွင် တိုက်တန်းလျားမှ လူအားလုံး ရှိနေကြသည်။ တစ်ခန်းဝင်တစ်ခန်းထွက် လိုက်ကာအော်သော ဒေါ်လှရီ၏ ‘လက်ဖက်သုပ် စားကြရအောင်လေ’ဟူသည့် ဖိတ်ကြားချက်အရ ရောက်လာကြခြင်းဖြစ်သည်။



ဒေါ်လှရီ၏ စကားများကြောင့် သမီးဖြစ်သူ အသက်ရှစ်နှစ်မှာ ခင်ပွန်းဖြစ်သူ ဆုံးပါးသွားကြောင်းသိရသည်။ ဒေါ်လှရီတို့က ဆန်စက်လုပ်ငန်းကို လုပ်ကိုင်ကြကာ လယ်ယာများစွာကို ပိုင်ဆိုင်ထားသည်ဟု ဆိုသည်။

အခုအချိန်ထိ ဒေါ်လှရီ၏သမီးနာမည်ကို သူမသိသေး။ ကောင်မလေးက ကေရီနှင့် ရွယ်တူချင်းမို့ အဖွဲ့တွေကျနေပြီဖြစ်သည်။ သင်တန်းတွေ အတူတက်နေပြီလားတော့မသိ။ အတူတူသွား အတူတူပြန်နေသည်ကို သူမြင်မြင်နေရသည်။

“ယွန်းငွေရီက သမီးထက် လေးလကြီးများတောင်ငယ်တယ်၊ ယွန်း နင် ငါ့ကို ရှိသေကိုင်းရှိုင်းရမယ်နော်၊ ဒါပဲ”

ကေရီက ဒါပဲဟု ဆိုသည်။

“အဲကြီးတော်တော်ဖြစ်ချင်နေတယ်ပေါ့၊ တချို့တွေများ ငယ်ချင်၊ နုချင်ကြလွန်းလို့”

အန်တီမြက သူ့သမီးကို ချစ်စနိုးဖြင့်ဆိုသည်။ ‘ယွန်း’ဟု အခေါ်ခံရသော ကောင်မလေးကတော့ ကလေးတစ်ယောက်လို ငြိမ်သက်စွာပင် ခပ်အေးအေး ပြုံးလို့နေသည်။

“ကျွန်မတို့သားအမိကတော့ ဟိုနားဒီနားတောင် သိပ်မသွားတတ်သေးဘူး၊ မမြတို့သားအမိနဲ့ မောင်ဖြိုးတေဇကိုပဲ အားကိုးရမှာပဲ”

ဒေါ်လှရီက လက်ဖက်သုပ်တစ်ဇွန်းစားရင်းက ဆိုသည်။

“ရပါတယ် အဒေါ်၊ လိုတဲ့အချိန်ပြောပါ၊ ကျွန်တော်တို့သား

www.burmeseclassic.com

www.burmeseclassic.com

လည်း ရှိနေတာပဲ"

သူ လိုလိုလားလားပင်ဆိုဖြစ်သည်။ ကေရီက 'ပိုရန်ကော' ဆိုသောပုံစံဖြင့် သူ့ကို နှုတ်ခမ်းမဲ့ပြသည်။ 'ယွန်း'ဆိုသော ကောင်မလေးကတော့ ဖျတ်ခနဲ တစ်ချက်လှမ်းကာကြည့်သည်။ သူမ၏အကြည့်က ဘာအရောင်မှမပါ။ ပကတိခပ်အေးအေးသာ။

"စိတ်မပူပါနဲ့ ဒေါ်လှရီရယ်၊ နောက်ဆို သွားတတ်လာတတ်မှာပါ။ ကျွန်မတို့လည်း ရောက်စကတော့ ဒီလိုပဲ မသွားတတ် မလာတတ်နဲ့ နောက်တော့လည်း သွားရင်းလာရင်းနဲ့ ကျွမ်းကျင်လာတာပဲ"

အန်တီမြက အားပေးစကားဆိုသည်။ တကယ်တော့ ဒေါ်လှရီက စကားကို တုတ်ထိုးအိုးပေါက် ပြောတတ်သည်ကလွဲ၍ နိုးရှာသည်။ အကြောင်းမသိလျှင်တော့ ဒေါ်လှရီ၏စကားက ငေါ့နေသလို ထေ့နေသလိုကြီး ဖြစ်နေလိမ့်မည်။

"သမီးကတော့ ယွန်းတက်ချင်တဲ့သင်တန်းတွေ အကုန်လုံးလိုက်ပြလိုက်အပ်ပြီးသွားပြီ၊ လိုင်းကားစီးတတ်အောင်လည်း သင်ထားပေးတယ်၊ ယွန်းက Taxi မစီးရဲဘူးတဲ့၊ သူတစ်ယောက်တည်းဆိုတော့ ကြောက်လို့တဲ့"

ကေရီက ယွန်းကို ပခုံးဖက်ရင်းကဆိုသည်။

"သူစိမ်းကားဆရာတွေကို ကြောက်ရင်လည်း အစ်ကို့ကားကို ငှားစီးပေါ့၊ ဈေးသက်သက်သာသာနဲ့ လိုက်ပေးမယ်လေ"



သူ အရယ်တစ်ဝက်ဖြင့် ယွန်းဆိုသော ခပ်အေးအေးကောင်မလေးကို ဆိုဖြစ်သည်။

"အမလေး ယွန်းရေ၊ ကိုဖြိုးတေဇရဲ့ကားကိုတော့ သွားမစီးမိစေနဲ့၊ ကေရီတို့ အရေးကြီးလို့ မင်္ဂလာဆောင်ကို တစ်ခါလိုက်ပို့ခိုင်းဖူးတယ် စက်ပျက်လို့ တွန်းလိုက်ရတာမှ လက်မောင်းတောင်ကြီးလာသလား မှတ်ရတယ်"

"ဟုတ်ပ. . . သားအမိနှစ်ယောက် ပွဲဝတ်ပွဲစားတွေနဲ့ ကားတွန်းရပြီးကတည်းက သူ့ကားကို လမ်းကြုံရင်တောင် မစီးရဲဘူး၊ ကြောက်လို့"

ကေရီ၏စကားအဆုံးမှာ အန်တီမြတပါ ဝင်၍ မျက်နှာကြီးရှုံ့မဲ့ကာဆိုသည်။ ဒေါ်လှရီတို့ သားအမိကတော့ တခွီးခွီးဖြင့် ရယ်ကြသည်။

"ပြင်ထားပြီးပါပြီဗျ၊ တစ်ခါပျက်တာနဲ့ပဲ တစ်သက်လုံးပျက်မယ်လို့ ပြောလို့မရဘူးလေဗျာ၊ ကဲ အခုစီးကြည့်မလား"

"တော်ပါပြီဟယ်၊ နင့်ကားကတော့ ဘယ်လောက်အရေးကြီးကြီး မစီးပါရစေနဲ့၊ ဆံထုံးတွေ၊ ပဝါတွေနဲ့ ကားတွန်းရတာ ခုထိမမေ့သေးဘူး"

အန်တီမြ၏ အဆိုကြောင့် သူ ရှက်ရယ်ရယ်ဖြစ်သည်။ ကောင်မလေးကို လှမ်းကြည့်တော့ သူမသည်လည်း ခပ်တိုးတိုး လိုက်ရယ်ကာနေသည်။

× × × ×

www.burmeseclassic.com

www.burmeseclassic.com

ရှေ့မှလျှောက်နေသော ယွန်းကိုကြည့်ရင်း ‘လမ်းကြုံခေါ် သွားဦးမှ’ဟု သူတွေးမိသည်။ ‘မကြုံရင်လည်း ကြုံဖြစ်အောင် ကြုံရမှာပေါ့’ဟု သူတွေးဖြစ်၏။

“ယွန်း. . . ဘယ်သွားမလို့လဲ”

သူ့အမေးကြောင့် သူမက ကားထဲကိုလှမ်းကြည့်ရင်း. . .

“ဪ. . . ကိုဖြိုးတေလ၊ ဟိုဒင်း မြေနီကုန်းသွားမလို့”

“မြေနီကုန်းလား၊ ဒါဆိုလမ်းကြုံတယ် လိုက်ခဲ့လေ”

သူ့စကားကိုရပ်ရင်း ကားထဲမှပင် ဆိုဖြစ်သည်။

“မလိုက်တော့ပါဘူး”



သူမကလည်း လမ်းလျှောက်နေရာမှ ရပ်ရင်း ဆိုသည်။

“ဘာလဲ ကားတွန်းရမှာကြောက်လို့လား”

“ဟုတ်တယ်”

သူ၏ ရွှတ်နောက်နောက်အဆိုကို သူမက ခေါင်းညိတ်ရင်း ဆိုသည်။

“အာ. . . မတွန်းရပါဘူး၊ ကားက ရှယ်ပြင်ထားတာ၊ လာပါ ဒီအချိန်ဆို လိုင်းကားတွေ အရမ်းကြပ်တယ်၊ လာပါ ယွန်းရဲ့ ကားခ မယူပါဘူး”

သူ ကားပေါ်မှဆင်းကာ ရှေ့ခန်းမှ ကားတံခါးပေါက်ကို ဖွင့်ရင်း ဖွတ်ဆိုဖြစ်သည်။ သူမက အနည်းငယ်စဉ်းစားပြီး ကားထဲကိုဝင်ထိုင်သည်။

သူ ကားတံခါးကို ဖျော်ရွှင်စွာပိတ်ရင်း ‘ငါကွ’ဟု တွေးဖြစ်သည်။

“သင်တန်းနဲ့ အိမ်နဲ့ပဲ တူးနေရတော့ မပျင်းဘူးလား၊ ဘယ်မှ လျှောက်မသွားဘူးလား”

ကားမောင်းရင်းက သူမေးဖြစ်သည်။

“မနေ့တုန်းကတော့ မေမေနဲ့ ရွှေတိဂုံဘုရားသွားတယ်လေ”

သူမ၏အဖြေကြောင့် သူ ရယ်ချင်သွားရသည်။ ဘုရားသွားသည်နှင့် အလည်အပတ်သွားခြင်းကိုပင် သူမက ခွဲခြားမသိသေး။

“Shopping တွေဘာတွေကော မသွားဘူးလား”

www.burmeseclassic.com

www.burmeseclassic.com



သူ၏အမေးကို သူမကခေါင်းခါသည်။

"မသွားတော့ပါဘူး၊ ဒီတစ်ပတ် သင်တန်းပိတ်ရင်တော့ တိရစ္ဆာန်ရုံသွားမလားလို့ တွေးထားတယ်"

"ဘာလဲ. . . အမျိုးတွေကို လွမ်းလို့လား"

ရွတ်နောက်နောက်ဆိုသော သူ့စကားကြောင့် သူမက သူ့ကို ဒိုင်းခနဲ မျက်စောင်းရွယ်ရင်း. . .

"လွမ်းစရာလား၊ ယွန်းတို့အမျိုးတွေက နယ်မှာပဲရှိတယ်၊ တိရစ္ဆာန်ရုံမှာမရှိဘူး"

ဟု ဆိုသည်။ ပြီး. . .

"ကိုဖြိုးတေဇရဲ့ သူငယ်ချင်းတွေကို ငှက်ပျောသီး သွားကျွေးမလို့"ဟု ဆိုသည်။

"ဒီလိုကျပြန်တော့လည်း စကားတွေတတ်သားပဲ"ဟု သူတွေးမိသည်။

"အစ်ကိုက နယ်ကအမျိုးတွေကို သတိရလို့ စိတ်ပြေလက်ပျောက်အနေနဲ့ တိရစ္ဆာန်ရုံသွားမှာလားလို့ ပြောတာပါ၊ ဟိုလိုမျိုးကြီး မဆိုလိုပါဘူး"

သူ ဟက်ခနဲရယ်ရင်း လူလည်လုပ်ကာဆိုဖြစ်သည်၊

"သွားပါ. . . ဒါမျိုးတွေတ နိုးနေပြီ၊ ယောက်ျားရင့်မာကြီးလုပ်ပြီး စကားကို အမျိုးမျိုးလျှောက်ပြောနေတယ်၊ စိတ်ချပါ ဟိုရောက်ရင် ကိုဖြိုးတေဇရဲ့ ဘော်ဒါတွေကို ငှက်ပျောသီး အဝကျွေး





မှာပါ၊ မကျွေးမှာမပူနဲ့"

သူမက ပြုံးစိစိနှင့် သူ့ကို ပြန်၍နှိပ်ကွပ်သည်။

"အစ်ကိုလည်း ယွန်းတို့တိရစ္ဆာန်ရုံသွားရင် လိုက်ခဲ့မယ်လေ"

"မခေါ်တာ၊ စိတ်လည်းမဆိုးနဲ့"

သူ့စကားအဆုံးမှာ သူမက ချက်ချင်းပင် မခေါ်တာဟု ဆိုသည်။

"ဘယ်နေ့သွားမှာလဲ"

"ပြောပြဘူး"

သူမက ပြုံးစိစိနှင့်ပင် ရွတ်နောက်နောက်ဆိုသည်။ 'အသည်းယားသည်'ဆိုသော စကား၏အဓိပ္ပာယ်ကို သူမနှင့်ကြုံမှ သဘောပေါက်ကာသွားသည်ဟု ဆိုရသော် သူ့အလွန်များဖြစ်နေမည်လားမသိ။

ဖြစ်နိုင်လျှင်တော့ သူမ၏ပါးပြင်နုနုကို သူဆွဲလိမ်ကြည့်ချင်သည်။ ပြီး သူမ၏စကားတတ်သော နှုတ်ခမ်းပါးကို ဒဏ်ခတ်သည့်အနေနှင့် ဟုတ်ကဲ့. . . ဒဏ်ခတ်ကြည့်ချင်သည်။

× × × ×



www.burmeseclassic.com

www.burmeseclassic.com



အချစ်လား

သူက ထင်ထားတာထက်

အများကြီးနူးညံ့တယ်ထင်ရဲ့။

× × × ×



တကယ်တမ်းကြ ဖြစ်နိုင်လျှင် ယွန်း၏သင်တန်း အသွား အပြန်ကို သူတာဝန်ယူချင်သည်။

နေ့တိုင်းကြီး လမ်းကြုံနေပါသည်ဆိုသော ဇာတ်လမ်းက လည်း ရိုးလွန်းနေသည်မို့ ဆက်ပြီးမကပြချင်။

အနည်းဆုံး သုံးရက်တစ်ခါလောက်တော့ သိပ်ပြဿနာမရှိ ဟု သူတွေးဖြစ်သည်။ လမ်းကြုံသည်ပေါ့။

ဘာပဲပြောပြော သူမတို့သားအမိ ရောက်လာပြီးနောက်ပိုင်း ဤတိုက်တန်းလျားမှာ စိုပြေမှုတွေ တိုးလာခဲ့သည်ကတော့ အမှန်ပဲ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မမရီရေ. . . ကြွားတာတော့မဟုတ်ဘူးနော် ပြမယ် သိလား"

အခေါ်အဝေါ်တွေ ပြောင်းကာနေသော အန်တီမြက ကတ္တီပါဗူးနီလေးကိုကိုင်လျက် ကွင်ပျစ်ဆီ ရောက်လာသည်။

သူကတော့ သူ့အခန်းရှေ့ရှိ ပက်လက်ကုလားထိုင်မှာ ဂျာနယ်ဖတ်ရင်း ပြုံးဖြစ်သည်။ ဒေါ်လှရီတော့ အန်တီမြ၏ကြွားလုံးများမှာ မိတော့မည်။

"ဘာလေးတုန်းတော့"

ဒေါ်လှရီကတော့ အရိုးခံအတိုင်းပင် မေးရှာသည်။

"မနေ့ကလေ မောင်လှမ်းပို့လိုက်တဲ့ ပိုက်ဆံလေးနဲ့ ကျွန်မ စိန်ဆွဲသီးလေးတစ်ခု ဝယ်ထားတယ်၊ သိန်းသုံးဆယ်တန်ဆိုတော့ ပွဲသိပ်မတိုးပေမယ့်လည်း စုဆောင်းတယ်လို့သဘောထားပြီး ဝယ်လိုက်တာ"

အန်တီမြက စိန်ဆွဲသီးလေးကို တယုတယကိုင်ရင်း ကြွားရင်းက ဆိုသည်။ ဒေါ်လှရီတတော့ 'မှန်းစမ်းပါဦး'ဟုဆိုရင်း အန်တီမြလက်ထဲမှ စိန်ဆွဲသီးကို ခပ်သွက်သွက်ယူကာကြည့်သည်။

"မိုက်လိုက်တဲ့ မမြရယ်၊ ရှင် ကျွန်မနဲ့ပဲ တိုင်ပင်ပါဦးတော့လား"

"ရှင်"

ဒေါ်လှရီ၏ ပျစ်ပျစ်နှစ်နှစ်အဆိုကြောင့် အန်တီမြ 'ရှင်'ဟု



ကြောင်အအဖြစ်ကာသွားသည်။ မျက်နှာလည်း ပျက်ကာသွားသည်။

"စိန်ဆိုတာက ပြန်ရောင်းရင် မရှုံးတာမရှိဘူး၊ မယုံရင် တစ်လလောက်နေပြီးလို့ ငွေလိုရင် ဒီဟာနဲ့ ဝယ်ခဲ့တဲ့ဆိုင်မှာသွားပြီး ငွေပြန်ဖော်ကြည့်ပါလား၊ သိန်းသုံးဆယ်ပြန်ရရင် တော်ကြိုက်သလို ပြော၊ ရင်းနှီးမြှုပ်နှံဖို့အတွက်ဆိုရင် ရွှေဝယ်ရင်ဝယ်၊ မဝယ်ရင် ဘဏ်မှာထည့်ထားပါလား၊ ဘဏ်တိုးက နည်းတယ်ဆိုပေမယ့် စိတ်ချရတယ်၊ အခုဟာက စိန်ဝယ်ထားရတယ်လို့၊ အပွင့်သက်သက်ဝယ်ထားတာဆိုရင်လည်း စိန်ဈေးတက်ရင် ရင်ခုန်ရဦးမယ်၊ အခုဟာက အထည်ခတ်ထားပြီးသားကြီး"

ရွဲ့ကာမဲ့ကာဖြင့်ဆိုသော ဒေါ်လှရီ၏စကားကြောင့် အန်တီမြ၏ မျက်နှာမှာ ဇီးရွက်သာသာပဲ ရှိတော့သည်။ ဘာအကြွားဘာစကားမှပင် မဆိုနိုင်တော့။

"မမြရယ် ရန်တုန်သူလုပ်နေပြီးတော့ အလိုက်တာ၊ နယ်က တက်လာတဲ့ ကျွန်မတောင် ဒါတွေအကုန်သိတယ်၊ ဝတ်ဖို့ဝယ်တာဆိုရင်တော့ ကျွန်မအားပေးပါတယ်၊ စုဆောင်းဖို့ဆိုရင်တော့ မြေတွေ ရွှေတွေက ပိုခိုင်မာတာပေါ့၊ နောက်ဆို စိန်ကိုစုဆောင်းဖို့မဝယ်နဲ့ ရှုံးတယ်"

ဆက်၍ဆိုလိုက်သော ဒေါ်လှရီ၏စကားကြောင့် အန်တီမြ၏မျက်နှာမှာ ငိုမဲ့မဲ့ပုံပေါက်ကာလာသည်။ သိန်းသုံးဆယ်တန် စိန်ဆွဲသီးလေးကိုကိုင်ရင်း မထွေးနိုင်မမျိုနိုင်ဖြစ်နေသည်ကို ဂျာနယ်ဖတ်

www.burmeseclassic.com

www.burmeseclassic.com



ရင်းက လှမ်းကြည့်ရင်း သူရယ်ချင်နေမိသည်။

"ဒါဖြင့် ကျွန်မ ဘာလုပ်ရမလဲဟင်၊ ဒါကြီးကို ပြန်သွင်းလိုက်ရင်လည်း ရှုံးတော့မှာ၊ မမရိပြောမှပဲ စဉ်းစားမိတယ်၊ ဒီကောင်က ငွေသေပဲနေဦ၊ အခန့်မသင့်ရင် လျှော့သွားဦးမှာ"

အန်တီမြက စိန်ဆွဲသီးကို လက်ဖျားလေးနှင့်ကိုင်ရင်း ငိုမဲ့မဲ့ဆိုသည်။

"ကဲ ကဲ ဘာမှစိတ်ညစ်မနေနဲ့၊ ဖြစ်သမျှအကြောင်း အကောင်းပေါ့ရှင်၊ ဒါနဲ့ ရှင်ဝယ်ခဲ့တဲ့ဆိုင်က သမိုင်းကြောင်းကောကောင်းရဲ့လား၊ ဆိုလိုတာက ပြန်သွင်းရင် နည်းနည်းပဲရှုံးလား၊ အများကြီးရှုံးလားလို့မေးတာ"

"ကျွန်. . . ကျွန်မ ပွဲစားဆီကဝယ်ထားတာ"

"ဘာ"

"အမလေး. . . လန့်လိုက်တာ မမရိရယ်၊ ဖြည်းဖြည်းလုပ်ပါ"

အန်တီမြ၏ စကားအဆုံးမှာ 'ဘာ'ဟု အလန့်တကြား ရေရွတ်မှုကြောင့် ဒေါ်လှရိ၏ 'ဘာ'သံအဆုံးမှာ အန်တီမြ တစ်ယောက် လန့်၍ပင်သွားသည်။

"စိန်ကိုရော ဘယ်သူ့ဆီစစ်ပြီးပြီလဲ"

"မစစ်ရသေးဘူး၊ ပွဲစားကတော့ အသန့်ထဲကလို့ပြောတာပဲ"

"ဟောတော်"



ဒေါ်လှရိက အန်တီမြကို တစ်ကြိမ်မှ မမြင်ဖူးသလိုကြည့်ရင်းက ရင်ဘတ်ကိုဖိကာ 'ဟောတော်'ဟု ရေရွတ်သည်။

"ပွဲစားကတော့ ဝယ်နေကျပွဲစားပါ၊ အရင်စိန်ထည်တွေ တုန်းကလည်း သူ့ဆီကပဲ ဝယ်ခဲ့တာပဲ၊ သူနဲ့က ခင်လည်းခင်တယ်လေ"

အန်တီမြက မျက်နှာငယ်လေးနှင့် ဆရာမကြီးရှေ့ရောက်နေသော ကျောင်းသူတစ်ယောက်လို ရှင်းပြကာနေသည်။

"အရင်ပစ္စည်းတွေ သူ့ဆီပြန်သွင်းဖူးလား"

"ဟင့်အင်း"

ဒေါ်လှရိ၏အမေးကို အန်တီမြက ခေါင်းယမ်းရင်း ဟင့်အင်းဟုဆိုသည်။

"ပစ္စည်းချင်းကော အလဲအထပ်လုပ်ဖူးလား"

"ဟင့်အင်း. . . ဒီအတိုင်းပဲစုထားတာ၊ သိပ်တောင်မဝတ်ဖြစ်ဘူး"

"ဟောတော်. . . . အရင်ပစ္စည်းတွေတုန်းကရော သွားမစစ်ကြည့်ခဲ့ဖူးဘူးပေါ့"

"ဟင့်အင်း"

အန်တီမြမျက်နှာမှာ ပြုံတော့မည့်မိုးလို မှိုင်းညို့ကာနေသည်။ 'ဟင့်အင်း'ဟု ခေါင်းယမ်းပြရင်း သက်ပြင်းကိုချသည်။

"နယ်မှာဆိုရင်တော့ စိန်ထည်၊ ကျောက်ထည်တွေကို

www.burmeseclassic.com

www.burmeseclassic.com



စစ်ပေးတဲ့နေရာသိတယ်၊ ရန်ကုန်တော့ ကိုယ်လည်းမကျွမ်းဘူး"

ဒေါ်လှရီက ခေါင်းကို ဝဲဗျင်းဗျင်းကုတ်ရင်းဆိုသည်။

သူ့ဘက် မြူးဦးလှည့်လာနိုင်သည်မို့ ဂျာနယ်ကို တမင်မြှောက်ကိုင်ကာ မျက်နှာကို ကွယ်ထားဖြစ်သည်။ ဒီကိစ္စမျိုးက သူ မကျွမ်းကျင်။ ရတနာများကို သူစိတ်မဝင်စား။ ဂျာနယ်ဖြင့် ကွယ်ထားသော်လည်း စိတ်ထဲမှာတော့ တထင့်ထင့်။ သူထင်ထားသည့်အတိုင်းပင် ဒေါ်လှရီက. . .

"ဟဲ့. . . ကောင်လေး၊ ဖြိုးတေဇ"

ဟု လှမ်းခေါ်သည်။

"ဗျာ"

ဂျာနယ်ကို မျက်နှာရှေ့မှခွာရင်း သူ ဗျာဖြစ်သည်။

"လာဦး"

ဒေါ်လှရီက စားပွဲထိုးတစ်ယောက်ကို ခေါ်သလိုမျိုး လက်ကို ယပ်ကာ ပိုင်ပိုင်နိုင်နိုင်ကြီးခေါ်သည်။

"ဟုတ်ကဲ့"

သူ ဘာမှမသိသလိုပုံစံဖြင့် ထရပ်ရင်း သွားဖြစ်သည်။

"ဘာကိစ္စရှိလို့လဲ မသိဘူး"

သူ တမင်ပင် ကြောင်အအပုံဖမ်းရင်း မေးဖြစ်သည်။

"အိမ်နီးနားချင်း ဆွေမျိုးရင်းဆိုသလိုပေါ့ကွယ်၊ ရှင်းရှင်းနဲ့ ဘွင်းဘွင်းပဲ အခေါ်ကတော့ ပြောတတ်တယ်၊ ဒီလိုတွဲ. . . "





ဒေါ်လှရီက အန်တီမြဝယ်ယူထားသော စိန်ထည်များကို စစ်ကြည့်ချင်ကြောင်း၊ အန်တီမြ၏ ဘော်ဒါများ မရိပ်မိစေလို၍ အန်တီမြ၏ အသိများကို အကူအညီမတောင်းလိုကြောင်း။ ထို့ကြောင့် သူက စိန်ထည်များကို စစ်ဆေးကာ ဈေးဖြတ်ပေးနိုင်သည့်ဆိုင်ကို စုံစမ်းပေးပါရန် ဒေါ်လှရီက ဆိုသည်။

"ကူညီပါဦးကွယ်၊ မမရီပြောတော့မှ ဒါတွေစဉ်းစားမိတာ၊ ယောကျ်ားကသာ ကမ္ဘာပတ်နေတာ၊ အန်တီမြက ဘာမှသိပ်သိတာ မဟုတ်ဘူး။ ဝယ်ထားတဲ့ပစ္စည်းတွေတ ဈေးနည်းနည်းပါးပါးကြီးတာ မျိုးဆို ကိစ္စမရှိဘူး၊ အင်တွေဆိုရင်တော့ ဒုက္ခပဲ၊ အကုန်လုံးက ယောကျ်ားရဲ့ ချွေးနည်းစာလေးတွေနဲ့ ဝယ်ထားရတာ"

အန်တီမြကိုကြည့်ရင်း သူ ကိုယ်ချင်းစာစွာပင် သက်ပြင်းကိုချဖြစ်သည်။ သူ့တွင်ရှိရှိသမျှသော မိန်းကလေး၊ ယောကျ်ားလေး သူငယ်ချင်းများအားလုံးကို သူ အပြေးအလွှား စဉ်းစားမိသည်။ အထူးသဖြင့် ရတနာနှင့်နီးစပ်မည့်သူများကို။

"ခဏလေးဗျာ. . . ကျွန်တော်ဖုန်းဆက်ကြည့်ဦးမယ်"

သူ ဖုန်းတစ်လုံးဖြင့် ဘော်ဒါများဆီ ဟိုဆက်ဒီဆက်ဖြင့် နောက်ဆုံး ဘော်ဒါတစ်ယောက်၏ လမ်းညွှန်မှုဖြင့် ဗိုလ်ချုပ်ဈေးမှ ဆိုင်တစ်ဆိုင်၏လိပ်စာကို သူရလိုက်သည်။

"တစ်ခုချင်းစီက ဈေးသိပ်မရှိပေမယ့် အားလုံးပေါင်းလိုက်ရင် ကားတစ်စီးဖိုးပဲ မမရီရဲ့"



www.burmeseclassic.com

www.burmeseclassic.com



အန်တီမြက ဒေါ်လှရီကို တတွတ်တွတ်ဖြင့် ဆိုကာနေသည်။

"ဆိုင်လိပ်စာရပြီ အန်တီမြ"

"ဘယ်မှာတဲ့လဲ"

ဒေါ်လှရီက တက်ကြွစွာပင်မေးသည်။

"ဗိုလ်ချုပ်ဈေးမှာ၊ အခုသွားကြမလား"

"ကောင်းတာပေါ့"

အန်တီမြကိုပင် လှည့်ကြည့်မနေတော့ဘဲ ဒေါ်လှရီက ဆိုသည်။ ပြီး အူကြောင်ကြောင်ဖြစ်နေသော အန်တီမြကို

"ကဲ. . . မမြ သင်းတို့ဆီက ဝယ်ထားသမျှကိုသာ အကုန်လုံးယူခဲ့တော့၊ ဘာမှလည်း စိတ်ညစ်မနေပါနဲ့၊ အရင်ဆုံး အဲဒီကို သွားစစ်ကြည့်ရအောင်"

ဟု ဆိုသည်။ တစ်လက်စထဲဆိုသလိုပင် သူ့ဘက်လှည့်ကာ

"မင်းက အဝတ်အစားလဲချင်ရင်လဲ၊ မလဲတော့ဘူးဆိုရင်လည်း ကားကိုအသင့်လုပ်ထားတော့"

ဟုဆိုသည်။

"ဟုတ်ကဲ့"

နှုတ်ကသာ 'ဟုတ်ကဲ့'လိုက်ရသော်လည်း စိတ်ထဲမှာတော့ 'ကားအဆင်သင့်လုပ်ထားလေး ဘာလေးနဲ့ လူကိုများ ပိုင်စိုးပိုင်နင်း သူ့သမက်ကျနေတာပဲ'ဟု အတွေးထဲမှာ ရေရွတ်ဖြစ်သည်။

× × × ×





သို့နှင့် အန်တီမြ၊ ဒေါ်လှရီတို့ကို သူ့ကားပေါ်တင်ကာ ဗိုလ်ချုပ်ဈေးရှိ သူ၏ဘော်ဒါပြောသော ဆိုင်ကို ရောက်သွားကြပြီး အကျိုးအကြောင်းရှင်းပြကာ စိန်ထည်များကို စစ်ကြည့်စေကာ ကာလပေါက်ဈေးနှင့် ဈေးဖြတ်ခိုင်းကြသည်။

"စိန်တွေက အသန့်တော့မဟုတ်ဘူးဗျ"

"ရှင်"ဟု အန်တီမြတစ်ယောက် ရေရွတ်သည်။

"ဒါပေမယ့် အသန့်နီးပါးကောင်းတဲ့စိန်တွေပါ၊ ကာလပေါက်ဈေးနဲ့ပြောရရင်တော့. . . ."



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်မှ ဦးလေးကြီး၏ ရှင်းပြမှုအဆုံးမှာ ဒေါ်လှရီရော အန်တီမြပါ သက်ပြင်းအတူတူချကြသည်။

× × × ×



ပိုလ်ချုပ်ဈေးမှအပြန် ကားပေါ်မှာ အန်တီမြတစ်ယောက် သက်ပြင်းတွေ ဟင်းခနဲ ဟင်းခနဲ ချရင်းပါလာသည်။

"တော်သေးတာပေါ့၊ ကာလတန်ဖိုးရဲ့ နှစ်ဆယ်ရာခိုင်နှုန်းလောက် ဈေးပိုတယ်ဆိုပေမယ့်လည်း ပစ္စည်းတွေက အင်မဟုတ်လို့"

စိတ်သက်သာရန်အလို့ငှာ ကားမောင်းရင်းက သူဆိုဖြစ်သည်။ အန်တီမြက 'ဟုတ်ပါ့. . . ဖြူးတေဇရေ'ဟု လေသံတိုးတိုးဖြင့် ဆိုသည်။

"အဲဒါ သင်ခန်းစာပဲ မမြရေ၊ နောက်ဆို ဘာပစ္စည်းဝယ်ဝယ် သေသေချာချာစုံစမ်းမေးမြန်းပြီးမှဝယ်၊ အယုံမလွယ်မိစေနဲ့၊

www.burmeseclassic.com

www.burmeseclassic.com



ဘာပဲပြောပြော အဲဒီပွဲစားက မမြအပေါ်မှာ တော်တော်လေး စေတနာထားတယ်လို့ ဆိုရမှာ၊ နာမည်ကိုထိန်းတဲ့လူနဲ့ တိုးလို့ပေါ့၊ တစ်နပ်စားမကြံတာပဲ ကျေးဇူးတင်ရမယ်"

ဒေါ်လှရီက ဆရာမကြီးလေသံဖြင့် ဆိုသည်။ အမြဲအကြွားသန်ခဲ့သော အန်တီမြတစ်ယောက် 'ဟုတ်ပါ့ မမရီရယ်'ဟုသာ လေသံခပ်လျော့လျော့ဖြင့်သာ ဆိုနိုင်တော့သည်။

× × × ×





"ဟဲ့. . . ဟဲ့. . . ကောင်လေး အဲဒါဘာလုပ်နေတာတုန်း"

ပိတောက်ပင်အောက်ရှိ ကွပ်ပျစ်မှာ လက်သည်းထိုင်ညှပ်နေသော သူ့ကို အော်ရင်းမေးသော ဒေါ်လှရီ၏အမေးကြောင့် သူလန့်ဖျပ်သွားရသည်။

"လက်သည်းညှပ်နေတာပါ အဒေါ်"

သူမကိုယ်သူမ အဒေါ်က အဒေါ်ကဟု အမြဲသုံးနှုန်းသည်မို့ ဒေါ်လှရီကို သူ 'အဒေါ်'ဟုသာ ဆိုဖြစ်သလို 'အန်တီမြကလေ'ဟု သုံးနှုန်းတတ်သော အန်တီမြကိုမူ 'အန်တီမြ'ဟုသာ သူခေါ်ဖြစ်သည်။

"လက်သည်းညှပ်နေတာ မြင်သားပဲ၊ ဒီနေ့ လက်သည်းမညှပ်ရဘူးဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



အူကြောင်ကြောင်ဆိုသော ဒေါ်လှရီကိုကြည့်ရင်း သူခေါင်းကုတ်မိသည်။

"အဒေါ်ရယ် လက်သည်းပဲ အဆင်ပြေတဲ့နေ့ ညှပ်မှာပေါ့"

"အေး. . . အဆင်ပြေတဲ့နေ့ညှပ်လို့ရပေမယ့် ဒီနေ့လို ဗုဒ္ဓဟူးနေ့က လက်သည်းခြေသည်းလည်း မညှပ်ရဘူး၊ ဆံပင်ညှပ်ခေါင်းလျှော်လည်း မလုပ်ရဘူး၊ လာဘ်ပိတ်တတ်တယ်"

ဒေါ်လှရီက မာန်နှင့်ဆိုသည်။

"မကြားဖူးပါဘူး အဒေါ်ရယ်"

သူခေါင်းကုတ်ရင်း ငြင်းဖြစ်သည်။

"ဟဲ့. . . အခုကြားဖူးပြီမဟုတ်လား၊ လူကြီးကပြောရင် နားထောင်မှပေါ့၊ ရှေ့ထုံးလည်းမပယ်နဲ့ ဈေးသုံးလည်းမလွယ်နဲ့ဆိုတာ မကြားဖူးဘူးလား၊ လိုက်ပြီးတော့လည်း မေးမြန်းကြည့်ဦး၊ သူတကာတွေ ဗုဒ္ဓဟူးနေ့ ဆံပင်ညှပ်ခေါင်းလျှော် ခြေသည်းလက်သည်းညှပ်ကြလားလို့"

ပြောပြောဆိုဆိုပင် မျက်စောင်းတွေးထိုးလျက် ဒေါ်လှရီ တစ်ယောက် အိမ်ထဲဝင်ကာသွားသည်။

သူ အူကြောင်ကြောင်နှင့်ပင် ခေါင်းကို ခပ်တြမ်းတြမ်းကုတ်ဖြစ်သည်၊ ဘာတွေမှန်းကိုမသိတော့၊ သူပြောသလိုသာဆို တစ်နိုင်ငံလုံးက ဆံပင်ညှပ်ဆိုင်တွေ ဗုဒ္ဓဟူးနေ့တိုင်း ပိတ်ထားရမလိုဖြစ်နေသည်။

× × × ×



နောက်နေ့ ယွန်းကို လမ်းကြုံသည်ဟုဆိုကာ တမင်လမ်းကြုံပစ်ရင်း သင်တန်းကို လိုက်ပို့စဉ် မနေ့တကိစ္စကို ကားပေါ်မှာ ပြောပြဖြစ်သည်။

သူ့စကားအဆုံးမှာ သူမက တခစ်ခစ်ဖြင့်ရယ်သည်။

"ယွန်းကော. . . ဗုဒ္ဓဟူးနေ့ကို ဆံပင်ညှပ်၊ ခေါင်းလျှော်တာတို့၊ ခြေသည်းလက်သည်းညှပ်တာတို့ မလုပ်ဘူးလား"

"ဟင့်အင်း"

"ဘာဖြစ်လို့တုန်း"

သူ မကျေမနပ်နှင့်ပင် မေးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မသိဘူးလေ. . . မေမေက မလျှော်နဲ့ဆို မလျှော်ဘူး၊ မညှပ်နဲ့ဆို မညှပ်ဘူး၊ ဒီအတိုင်းပဲနေခဲ့တာပဲ"

သမီးအလိမ္မာစတိုင်လ်ဖြင့် သူမကဆိုသည်။

"အစ်ကိုကပဲ ဗဟုသုတမရှိလို့လားတော့ မသိဘူး၊ ဘုရားဟောတွေထဲမှာ ငါးပါးသီလတို့၊ ရှစ်ပါးသီလတို့ပဲ ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်း ဟောခဲ့တာပဲကြားဖူးတယ် ဗုဒ္ဓဟူးနေ့ကို ဆံပင်မညှပ်ရဘူး၊ ခြေသည်းလက်သည်း မညှပ်ရဘူး၊ ခေါင်းမလျှော်ရဘူးလို့ မကြားဖူးပါဘူး"

သူ၏စကားမဆုံးမှာ သူမက မျက်နှာကိုမဲ့သည်။ ပြီး. . .

"ဒါဖြင့် ရက်ရာဇာတို့ ပြဿဒါးတို့ကရော ဘုရားဟောမှာပါလို့လား၊ ဒါပေမယ့် လူတွေက ဒီလိုပဲ တွက်ချက်ပြီး၊ လိုက်နာကျင့်သုံးနေကြတာမဟုတ်ဘူးလား"

ဟု ပက်ခနဲပြန်၍ဆိုသည်။

"အဲဒီရက်ရာဇာတ ပြဿဒါးရွေးတဲ့အထဲမှာ ကိုယ်မပါဘူး၊ ယွန်းတို့မိန်းကလေးတွေပဲ အယူသီးနေကြတာ"

"ယွန်းတို့ကတော့ အယူသီးတယ်၊ ကိုဖြိုးတေဇယူတဲ့ ကောင်မလေးကြမှ အယူမသီးတာ ရှာယူ"

သူမက မျက်စောင်းကြီးထိုးရင်း ဆိုသည်။

"အေး. . . ယူလိုက်မိတဲ့ မိန်းမကများ အဲဒီလိုအယူသီးတဲ့အကျင့်တွေ ပါလာလို့ကတော့ မင်္ဂလာဦးတစ်ညတည်းနဲ့ လုံးဝ





အကျွတ်ချွတ်ပစ်မယ်"

အဲကြိတ်ရင်းဆိုသော သူ့စကားကြောင့် သူမက ဟက်ခနဲခနဲ့တဲ့တဲ့ရယ်သည်။

"တစ်သက်လုံးစွဲလာတဲ့ အယူကို တစ်ညတည်းချွတ်မယ်၊ ဟုတ်လား ကြည့်ရသေးတာပေါ့၊ သူ့ကပဲကျွတ်မလား၊ ကိုဖြိုးတေဇကပဲ ကျွတ်မလားလို့"

ပြောပြီး သူမက ခပ်ထေ့ထေ့ရယ်ရပြန်သည်။

"အမေတူသမီးနဲ့တော့ လာတွေ့နေပြီ၊ လေကတော့ အတော်ကြီးတယ်"

ဟု သူတွေးဖြစ်သည်။

"နောက်ပြီး ရှိသေးတယ်၊ မင်္ဂလာရှိတဲ့ကိစ္စတွေ လုပ်တဲ့နေ့ဆိုရင် အနက်ရောင်ကို လုံးဝမဝတ်ရဘူး၊ အနက်ရောင်က အမင်္ဂလာအရောင်ဆိုတော့ လာဘ်ပိတ်တတ်တယ်"

သူမက ဆရာမကြီးလေသံဖြင့် သူ့ကိုဆိုသည်။

"ဒါဖြင့် စက်ရုံတွေက အစောကြီးကတည်းက အနက်ရောင်မထုတ်ကြနဲ့ပေါ့၊ ဒီခေတ်ကြီးမှာ ရေပန်းအစားဆုံးကာလာက Black ပဲ၊ လူငယ်ဆယ်ယောက်မှာ ဆယ်တစ်ယောက်လောက်က အနက်ရောင်ကိုပဲ ခရေဇီဖြစ်ကြတာ၊ ယွန်းကော အနက်ရောင်မကြိုက်ဘူးလား"

"ကြိုက်တော့ကြိုက်တယ်၊ ဒါပေမယ့် မေမေက ပေးမဝတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး"

သူမက မရဲတရဲပုံဖြင့်ဆိုသည်။

"လှုပြစ်နွှဲးတယ်နော်၊ ဝတ်ချင်တာမဝတ်ရ၊ စားချင်တာမစားရနဲ့"

"ဘာပြောတယ်"

သူစကားကြောင့် သူမက နှုတ်ခမ်းကိုကိုက်ရင်း ဆိုသည်။

"ဩော်. . . ဟိုရှေ့ကွမ်းယာဆိုင်တ ကောင်မလေးကိုပြောတာပါ၊ ကြည့်လိုက်ပါလား၊ သူ့ခမျာ အသားကမဲတော့ ဝတ်ချင်တဲ့အရောင် ဝတ်ရပုံမပေါ်ဘူး"ဟု သူ ရယ်ကျဲကျဲဖြင့်ဆိုဖြစ်သည်။

"ယောက်ျားရင့်မာကြီးလုပ်ပြီး စောင်းပြောတတ်တယ်နော်၊ ဟိုရှေ့က ဆိုက်ကားဆရာကိုပြောပါတယ်"

သူမကလည်း ခေသူတော့မဟုတ်။ ချက်ချင်းဆိုသလို ပြန်၍ချေပသည်။ ဘာရယ်မဟုတ် သူဟက်ခနဲ ရယ်ဖြစ်သည်။

× × × ×



"ဟဲ့. . . ဟဲ့ ကောင်လေး လာဦး"

"ခင်ဗျာ"

ဒေါ်လှရီ၏ခေါ်သံကြောင့် သူ 'ခင်ဗျာ'ဟု ထူးဖြစ်သည်။ တကယ်တော့ ဘာအတွက်ကြောင့် သူ့ကိုခေါ်မှန်းသိပြီးဖြစ်သည်။ အနက်ရောင်တီရှပ်၊ အနက်ရောင် ဂျင်းဘောင်းဘီနှင့် အနက်ရောင်ရှူးကို စီးထားသည်မို့ တစ်ခုခုတို ဆရာလုပ်တော့မည်ဟု ကြိုတွက်မိနေသည်။

"ခင်ဗျာလုပ်မနေနဲ့၊ လာဦး"

"ဘာခိုင်းစရာရှိလို့လဲ အဒေါ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမခိုင်းဘူး၊ ပြောစရာရှိလို့"

ခါးကိုထောက်ထားသော ဒေါ်လှရီနားသို့ ရောက်သွားသော အခါ ဒေါ်လှရီက သူ့ကို အပေါ်အောက်ကြည့်သည်။ ပြီး နှုတ်ခမ်းကို မဲ့၍ ခေါင်းကိုခါသည်။

"ဒီမယ် ကောင်လေး"

"ဟုတ်ကဲ့"

"မပြောမပြီး မတီးမမြည်ဆိုသလိုမျိုး ဆိုရေးရှိက ဆိုအပ်လှ၏ ဆိုသလိုမျိုး ပြောစရာရှိတာကို မြင်နေတော့လည်း ပြောရဦးမယ်"

"ဟုတ်ကဲ့ ပြောပါအဒေါ်"

စကားတွေခင်းကျင်းနေသော ဒေါ်လှရီကို သူ့ရွှတ်နောက် နောက်ပင် ဆိုဖြစ်သည်။

"မင်းကို အိမ်နီးနားချင်းဆွေမျိုးရင်းလို သဘောထားပြီး တော့ ခင်လို့ပြောတာနော်၊ ခင်လို့ပြောတာ"

"ပြောမှာသာပြောပါ အဒေါ်ရယ်"

သူ ရယ်ချင်ပက်ကျိနှင့်ပင် ဆိုဖြစ်သည်။

"မင်းက အနုပညာသမား၊ အချိန်ပြည့် လာဘ်ရှိအောင်နေရ မှာ"

"ဟုတ်ကဲ့. . . ကျွန်တော် မနက်ကောညပါ ဘုရားရှိခိုးပြီး ခုနစ်ရက်သားသမီးကို မေတ္တာအမြဲပို့ပါတယ်၊ လူနတ်ချစ်ခင်အောင် မေတ္တာသုတ်ကို အမြဲရွတ်တယ်"





"အဲဒါကိုပြောတာ မဟုတ်ဘူးဟဲ့"

စကားကို လှ၍ပြောသော သူ့ကို ဒေါ်လှရီက အာခေါင်ခြစ် ကာ အော်သည်။ ပြီး လက်ညိုးထောင်ကာ. . .

"ငါပြောတာ အရင်နားထောင်၊ လူကြီးစကားပြောတာကို ဖြတ်မပြောနဲ့"

ဟု ခပ်ဆတ်ဆတ်ဆိုသည်။

"အနုပညာသမားဖြစ်တဲ့ မင်းက လာဘ်ပိတ်တဲ့ အနက် ရောင်ကို ရှောင်ရမှာ၊ အနက်ရောင်ဆိုတာ လာဘ်ပိတ်လို့ သာမန်လူ တွေတောင် မဝတ်ဘူး၊ မင်းနှယ်ကွယ် ဗဟုသုတခေါင်းပါးလိုက်တာ၊ ကြည့်စမ်း. . . ကြည့်စမ်း အခု မင်းက အနက်ရောင်ကိုတောင် အပေါ်ရောအောက်ရော ဝမ်းဆက်တောင်ဝတ်ထားလိုက်သေးတယ်၊ ဟင် ဖိနပ်တောင်မှ အနက်၊ သွား အခုချက်ချင်းပြန်သွားလဲ"

"ဗျာ"

"မဗျာနဲ့၊ ငါပြောသလိုသာလုပ်၊ မင်းကို ဆုံးမပေးနေတာ၊ မင်းရဲ့လာဘ်တွေ ပိတ်မှာစိုးလို့ပြောနေတာ၊ အမလေး မောလိုက်တာ နော်၊ ဘယ်လောက်ပြောပြော သဘောပေါက်မဲ့ပုံလည်း မပေါက်ဘူး၊ ကြောင်တောင်တောင်နဲ့ လူကိုကြည့်နေတယ်၊ ငါပြောတာကို နားကောလည်ရဲ့လား"

ရှည်လျားထွေပြားစွာ ပြောနေသော ဒေါ်လှရီအစား သူတောင် အတော်မောသွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com





“ဟုတ်ကဲ့ နားလည်ပါတယ်”

ခေါင်းမညိတ်မချင်း ပြီးရန်မမြင်သည်မို့ သူခေါင်းညိတ်ကာ ပြလိုက်ရတော့သည်။

“ဒါပေမယ့်”

“ဒါပေမယ့် ဘာဖြစ်လဲ”

သူ၏ ဒါပေမဲ့ကို ဒေါ်လှရီက ‘ဘာဖြစ်လဲ’ဟု ခပ်ဆတ်ဆတ် မေးသည်။

“ကျွန်တော့်က အနက်ရောင်ကို သိပ်ကြိုက်တာဗျ”

သူ အတွန့်တက်သောစကားကြောင့် ဒေါ်လှရီက ‘ခက်လိုက်တာ’ဆိုသောသဘောဖြင့် သက်ပြင်းကိုချသည်။

“ဒါဖြင့်လည်း ဒီလိုလုပ်၊ အနက်ရောင် သိပ်ကြိုက်ရင်လည်း အရေးကြီးတဲ့ကိစ္စ လုပ်ရမဲ့နေ့တွေကျ မဝတ်နဲ့ပေါ့၊ ဒီ့ပြင်နေ့တွေ ဝတ်ချင်သပဆိုရင်လည်း ဝတ်တော့ဝတ် အပေါ်အောက်ဝမ်းဆက်ကြီးတော့ မလုပ်နဲ့ပေါ့ကွယ်၊ ဟုတ်ပြီလား”

ဒေါ်လှရီ၏ အလျှော့ပေးမှုကြောင့် သူ ‘ဟုတ်’ဟု ပြုံးပြုံးကြီး ပြန်၍ဆိုဖြစ်သည်။ စိတ်ထဲမှာကတော့ ‘ဟုတ်ကဲ့ပါယောက္ခမကြီး’ပေါ့။

× × × ×

“ဖုန်းဝယ်ထားရမယ်၊ အမလေး အမေရယ် ဘာကိစ္စဖုန်းဝယ်ရမှာတုန်း၊ သမီးတို့ဘေးအိမ်က ကောင်လေးတစ်ယောက်ဆီမှာရှိတယ်၊ အမေခေါ်ချင်ရင် မနက်ပိုင်းကိုသာခေါ်လိုက် သူခေါ်ပေးလိမ့်မယ်”

ဒေါ်လှရီ၏ ဖုန်းပြောသံက သူတို့တိုက်တန်းလျား သုံးခုစလုံး ကောင်းကောင်းကြီး ကြားနေရသည်အထိ ကျယ်သည်။

“အားနာစရာကြီး ဟုတ်လား၊ အားမနာနိုင်ပါဘူး အမေရယ်၊ ဖုန်းလေးခဏလောက် တောင်းဆက်တာပဲ၊ အပိုင်တောင်းတာမှမဟုတ်တာ”

www.burmeseclassic.com

www.burmeseclassic.com



'တော်တော်ပြောတတ်တဲ့ ယောက္ခမကြီး'ဟု သူ ခပ်ရွှတ်ရွှတ် တွေးဖြစ်သည်။ ဒေါ်လှရီကတော့ ဖုန်းကို ခြေဟန်လက်ဟန်ဖြင့် ပြော၍ကောင်းနေဆဲ။

"ဖုန်းဝယ်မဲ့အစား ရွှေပဲဝယ်တော့မှာပေါ့ အမေရဲ့၊ ရွှေက ငွေလိုရင် အချိန်မရွေး ထရောင်းလို့ရတယ်၊ ဖုန်းဆိုတာက ငွေသေလေ၊ မရှိမဖြစ်မှမဟုတ်တာ၊ ဘယ်လို ကား၊ ကားဝယ်စရာလား အမေရယ်၊ အမေ့မြေး လိုင်းကားပဲစီးပါစေပေါ့၊ ရန်ကုန်မှာ အပေါဆုံးက လိုင်းကားပဲ"

အန်တီမြက ဒေါ်လှရီ၏စကားကြောင့် ခွီးခနဲရယ်သည်။

"အရေးပေါ် ဘာအရေးမှပေါ်စရာမရှိဘူး၊ တကယ်လို့ အရေးပေါ်ကားလိုရင်လည်း ဘေးအိမ်ကကောင်လေးဆီမှာရှိပါတယ်၊ ယူသုံးလို့ရတယ်၊ မပူပါနဲ့အမေရယ် သမီးတို့ ဒီမှာ အကုန်အဆင်ပြေတယ်"

သူ ဒေါ်လှရီကိုကြည့်ပြီး ပြုံးဖြစ်သည်။ ကပ်စီးနဲ့တတ်သူတို့၏ ထုံးစံအတိုင်း ဘာပစ္စည်းမှ ဝယ်စရာမလိုကြောင်းကိုသာ တွင်တွင်ကြီးပြောလို့နေသည်။ ဖုန်းပြောရင်း ခေါင်းကိုသာ တွင်တွင် ရမ်းပြီး ရမ်းကာနေသည်။

"ယောကျ်ားသားမရှိလို့လည်း ဘာမှမပူနဲ့ အမေရေ၊ တော်တန်ရုံ လက်တိုလက်တောင်းခိုင်းဖို့လောက်ကတော့ ဘေးအိမ်ကကောင်လေးရှိတယ်"





ဒေါ်လှရီ၏ နောက်ဆက်တွဲစကားကြောင့် သူ နှင်ခနဲဖြစ်သွားရသည်။ 'လက်တိုလက်တောင်း'ဆိုပါလား။

'တစ်သက်လုံးခိုင်းလို့ရအောင် ခင်ဗျားသမီးနဲ့ ပေးစားလိုက်ပါလားဗျ'ဟု စိတ်ထဲမှနေ ခပ်ရွှတ်ရွှတ်တွေးမိသည်။ ဒေါ်လှရီကတော့ ဖုန်းပြော၍အရှိန်ကောင်းနေဆဲ။

× × × ×



www.burmeseclassic.com

www.burmeseclassic.com



စိန်ထည်ကိစ္စများပြီး၍ မကြာမီမှာပင် အန်တီမြက တစ်စခန်းထလာပြန်သည်၊ အခြားတော့မဟုတ်၊ ကြွားရန်အတျင့်ပါနေသူမို့ ထုံးစံအတိုင်း အင်္ကျီလေးနှစ်ထည်ကိုင်လာကာ ကြွားခြင်းဖြစ်သည်၊ သူက ထုံးစံအတိုင်း ဂျာနယ်ကိုဖတ်ရင်း လှမ်းကြည့်ဖြစ်သည်၊

"မမရီရေ. . . မနေ့က လမ်းထိပ်စတိုးဆိုင်မှာ အထည်တွေ ငါးဆယ်ရာခိုင်နှုန်းလျှော့ဈေးဆိုလို့ သမီးလေးဇေကရီအတွက် ဒီအင်္ကျီလေးနှစ်ထည် ဝယ်လာခဲ့တယ်၊ နှစ်သောင်းတန်တွေကို တစ်သောင်းစီနဲ့ရခဲ့တာလေ"



ပိတောက်ပင်အောက်တွင် ထိုင်နေသော ဒေါ်လှရီ တစ်ယောက် အန်တီမြကိုင်ထားသော အင်္ကျီနှစ်ထည်ကိုကြည့်ရင်း မျက်လုံးက ပြူးသထက်ပြူးကာလာသည်၊ ပြီး. . .

"ဘယ်လို. . . ဘယ်လို တစ်ထည်ကို တစ်သောင်းကြီးများ တောင်လား"

ဟု ရင်ဘတ်ကိုဖိရင်း ဆိုသည်၊

"ဟုတ်တယ်လေ. . . တစ်ထည်ကိုတစ်သောင်း၊ နှစ်ထည်ဆိုတော့ နှစ်သောင်းပေါ့၊ ဒါလျှော့ဈေးနဲ့မို့လို့ မဟုတ်ရင် နှစ်ထည်ကို လေးသောင်းပေးရမှာ၊ အခုခေတ်စားနေတဲ့ ကိုရီးယားဒီဇိုင်းလေ မမရီရဲ့"

အန်တီမြက ကြွားဝင့်စွာနှင့်ပင် အင်္ကျီနှစ်ထည်ကို ဒေါ်လှရီ ထံ လှမ်း၍ပေးသည်၊ ဒေါ်လှရီက အင်္ကျီနှစ်ထည်စလုံးကို ဖင်တစ်ပြန် ခေါင်းတစ်ပြန် အပြန်ပြန်အလှန်လှန်ကြည့်ပြီးနောက် ဆတ်ခနဲထရပ်ကာ အန်တီမြလက်ထဲသို့ အင်္ကျီနှစ်ထည်ကို ပြန်ပေးသည်၊

"တော် ခဏလေးစောင့် မမြ၊ တော့်ကို ကျွန်မပြမယ်"

ပြောပြောဆိုဆို ဆတ်ခနဲ အိမ်ထဲသို့လှည့်ဝင်သွားသော ဒေါ်လှရီကို အန်တီမြတစ်ယောက် ကြောင်တောင်တောင်ကြည့်ရင်း ကျန်ရစ်ခဲ့သည်၊

တစ်ခုခုတော့ထူးပြီဟု တွေးရင်း သူ ဂျာနယ်ကို အကာ အကွယ်ယူရင်း ပြုံးဖြစ်သည်၊

www.burmeseclassic.com

www.burmeseclassic.com



သိပ်မကြာခင်မှာပင် အန်တီမြဆီသို့ ဒေါ်လှရီတစ်ယောက် အကျီနှစ်ထည်ကိုင်ပြီး လိမ်ကျစ်လိမ်ကျစ်ဖြင့် ရောက်ချလာသည်။

ဒေါ်လှရီ ယူလာသော အကျီနှစ်ထည်ကိုကြည့်ရင်း အန်တီမြ မျက်လုံးပြူးကာသွားသည်။ ဒေါ်လှရီလက်ထဲမှ အကျီနှင့် အန်တီမြလက်ထဲမှ အကျီနှစ်ထည်စလုံးက အဆင်တူ ဒီဇိုင်းတူဖြစ်ကာနေသည်။

"ဟောတော်. . . အကြိုက်ချင်းတူလိုက်တာ၊ မမရီကော အဲဒီလမ်းထိပ်စတိုးဆိုင်ကပဲ ဝယ်ထားတာလား"

အန်တီမြ၏အမေးကို ဒေါ်လှရီက ခေါင်းယမ်းပြသည်။

"ဟင့်အင်း. . . ဈေးထဲကဝယ်လာတာ"

ဒေါ်လှရီ၏ အဖြေအဆုံးမှာ အန်တီမြက. . .

"ဘယ်လောက်ပေးရလဲဟင်၊ ဈေးအတူတူပဲလား"

ဟု မျက်ကလူးဆန်ပြာဖြင့် မေးသည်။

"တစ်ထည်ကိုသုံးထောင်၊ နှစ်ထည်ကို ငါးထောင်ပဲပေးရတယ်"

"ရှင်"

ဒေါ်လှရီ၏စကားကြောင့် အန်တီမြ ကြက်သေသေကာသွားသည်။ 'ရှင်'ဟုဆိုရင်း ပါးစပ်ကြီးဟတာသွားသည်။

ထိုစဉ်မှာပင် အိမ်ထဲမှ ဧကရီထွက်လာသလို အပြင်မှပြန်လာဟန်တူသော ယွန်းကလည်း ပိတောက်ပင်အောက်သို့ ရောက်လာ



ကြသည်။

"ဒါနဲ့ ဈေးထဲဘယ်ဆိုင်က ဝယ်လာတာလဲဟင်"

"ဘောထုပ်ဆိုင်က"

အန်တီမြ၏အမေးကို ဒေါ်လှရီက အကျီနှစ်ထည်မြှောက်ရင်း 'ဘောထုပ်ဆိုင်က'ဟု တစ်လုံးချင်းဆိုသည်။

"ကျွန်မ လမ်းထိပ်စတိုးဆိုင်က နှစ်ထည်နှစ်သောင်းနဲ့ ဝယ်လာတဲ့ ဒီအကျီကို မမရီက ဘောထုပ်ဆိုင်ကနေ နှစ်ထည်ငါးထောင်နဲ့ဝယ်လာတယ် ဟုတ်လား"

"ဟုတ်တယ်၊ တစ်ထည်သုံးထောင်၊ နှစ်ထည်ငါးထောင်နဲ့ ဘောထုပ်ဆိုင်မှာ ကျွန်မသမီးကိုယ်တိုင် သေသေချာချာရွေးပြီးတော့မှ ယူလာတာ"

ဒေါ်လှရီ၏ စကားအဆုံးမှာ အန်တီမြတစ်ယောက် 'ခံလိုက်ရပြီ၊ ခံလိုက်ရပြီ'ဟု ရေရွတ်ကာသွားသလို ယွန်းတစ်ယောက်က တော့ မျက်နှာကြီးနီကာ 'အမေ'ဟု အံကြိတ်သံကြီးနှင့် သူမ၏အမေကို ခေါ်သည်။

"ဘာလဲ"

ဒေါ်လှရီက သမီးဖြစ်သူကို ခပ်ဆတ်ဆတ်ပင်ထူးသည်။

"အမေကလည်း သမီးတစ်သက်လုံးမှ ဒီတစ်ခါလေးပဲ အကျီလေးလှလို့ ဘောထုပ်ဝယ်မိပါတယ်. အမေအော်နေတာနဲ့ပဲ တစ်ရပ်ကွက်လုံးသိတော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ခြေကိုဆောင့်ရင်း ယွန်းကဆိုသည်။

"ညည်းကို ဘေထုပ်မဝယ်ပါနဲ့လို့ ငါတားသားပဲ၊ ညည်းပဲ ဘယ်သူမှသိမှာမဟုတ်ဘူးဆို"

ဒေါ်လှရီကလည်း အာခေါင်ခြစ်ကာ ပြန်၍ဆိုသည်။

"အခု အမေအော်လို့ တစ်ရပ်ကွက်လုံးသိကုန်ပြီ၊ ပေး အဲဒီ အင်္ကျီနှစ်ထည်၊ ဓားနဲ့ နှုတ်နှုတ်စင်းပြီး ကြမ်းကိုတိုက်ပစ်ဦးမယ်"

ယွန်းက သူမ၏အမေလက်ထဲမှ အင်္ကျီကို ခပ်ဆောင့်ဆောင့် ဆွဲယူရင်း အမှတ်တမဲ့ သူ့ကိုလှမ်းကြည့်သည်။ သူတလည်း ပြန်အကြည့်. . .

"ဘာကြည့်တာလဲ"

"ဟောဗျာ. . . ဘာကြည့်မိလို့တုန်း"

သူ ရယ်ချင်ပတ်ကျိနှင့်ပင် ရှက်အမ်းအမ်းဖြစ်နေသော သူမ ကို အရယ်တစ်ဝက်ဖြင့် ပြန်၍မေးသည်။ သူမမျက်နှာကြီးနီကာ ရှက်နေပုံက စချင်စရာကောင်းသည်ကိုး။

"ယောက်ျားကြီးတန်မဲ့ စပ်စပ်စုစုနဲ့ လိုက်မကြည့်နဲ့"

သူမက ကုလားမနိုင်ရနိုင်မဲ့ ဆိုသလို သူ့ကို လှမ်း၍အော် သည်။

"ကျုပ်က တမင်ကြည့်တာမဟုတ်ပါဘူး မမလေးရယ်၊ ဘေထုပ်ထဲကနေ သေသေချာချာ ရွှေလာတယ်ကြားလို့ လှမ်းကြည့် လိုက်တာပါ၊ လှသားပဲ ရွှေနေကျနဲ့တူတယ်၊ ရွှေတတ်တယ်နော်"



တမင်ကလိသည့်အနေဖြင့် သူပြောဖြစ်သည်။ သူမက ဆတ်ခနဲ နှုတ်ခမ်းကိုကိုက်သည်။

"စကားပြောတာ ကြည့်ပြောနော်၊ ဒီမှာတင်းနေတာ၊ ဒေါသ တွေ ကိုဖြိုးတေဇအပေါ် အကုန်ကျကုန်မယ်၊ ဘာရွှေတတ်တယ်နော် လဲ"

"ဟောဗျာ. . . ရွှေတတ်လို့ ရွှေတတ်တယ်လို့ ချီးမွမ်းပေး တာလေ၊ ကြည့်စမ်းပါဦး ရွှေထားလိုက်တာများ အရောင်ကော၊ ဒီဇိုင်း ရော လှလိုက်တာ၊ ကြည့်ရတာ ဘေထုပ်နဲ့ပတ်သက်လာရင် ဝါတော် တော်ရင့်ပုံရတယ်၊ ယွန်းက ဘေထုပ်ခရေဇီလား"

"ဘာပြောတယ်၊ ကျွန်မ တအားဒေါသထွက်လာပြီနော်၊ ရှင့်ပါးစပ်ကိုပိတ်ထား၊ နောက်တစ်ခါ ရှင့်ပါးစပ်က ဘေထုပ်ဆိုတဲ့ စကား ထွက်ရဲထွက်ကြည့် တွေ့ရာနဲ့ကောက်ရိုက်ပစ်မယ်၊ ဟင်း"

ပြောပြီး ချာခနဲလှည့်ထွက်သွားသော သူမကိုကြည့်ရင်း 'ခွီး' ခနဲ သူရယ်ဖြစ်သည်။ ရှက်ကိုးရှက်တန်းဖြင့် ဇွေ့ဇွေ့ခုန်နေပုံက 'စ' ချင်စရာကြီး ဖြစ်ကာနေသည်။

"ဘေဘေကြီး. . . ဘေဘေကြီး၊ ဘေဘေကြီးကို ချစ်တယ်"

သီချင်းစာသားကို မသိမသာလွှဲဆိုသော သူ့ကို သူမက ချာခနဲလှည့်ကြည့်သည်မို့ သူ မမြင်ယောင်ဆောင်ကာနေဖြစ်သည်။

"မာမီကလည်းနော် သဘောသားကတော်လုပ်နေပြီးတော့ စတိုးဆိုင်က ရိုက်လို့ရိုက်မှန်းမသိဘဲ လျှော့ဈေးဆိုကတည်းက မာမီက

www.burmeseclassic.com

www.burmeseclassic.com

စဉ်းစားရမှာပေါ့"

ကေရီက တစ်စခန်းထကာ အန်တီမြကိုဆိုသည်။

"တော်စမ်း. . . ဒီမှာ စိတ်ညစ်ရတဲ့အထဲ ညည်းကတစ်မျိုး၊ သွား ဟင်းအိုးတည်ထားတာ သွားကြည့်၊ တော်ကြာ တူးသွားဦးမယ်၊ ရော့ ဝတ်ချင်ဝတ်၊ မဝတ်ချင်နေ ယူသွား"

အန်တီမြက အင်္ကျီကိုပစ်ပေးပြီး ခပ်ဆောင့်ဆောင့်ဆိုသည်။ ပစ်ပေးလာသော အင်္ကျီကို လှမ်းဖမ်းရင်း ကေရီတစ်ယောက် ပွစိပွစိ လုပ်ကာ အိမ်ထဲဝင်သွားသည်။ ဒေါ်လှရီကတော့ ခေါင်းကို ဘယ်ညာ ရမ်းသည်။ ဘာအဓိပ္ပာယ်နှင့် ရမ်းမှန်းတော့မသိ။

သူကတော့ ဂျာနယ်ကိုသာ သဲကြီးမဲကြီးဖတ်နေသော်လည်း မျက်လုံးထဲမှာတော့ မျက်နှာကြီးနီမြန်းကာ အရှက်သည်းပြီး လူကို လှမ်းရန်ရှာသော ယွန်းကိုသာ မြင်သည်။

× × × ×



A small woman can also have a big mouth.

သေးငယ်သော မိန်းမတစ်ယောက်မှာ ကြီးမားသော နှုတ်ခမ်းရှိနေနိုင်သည်။

Yeddish Proverb

× × × ×

www.burmeseclassic.com

www.burmeseclassic.com



"မြေနီကုန်းသွားမှာမဟုတ်လား တက်လေ"

ကားကို သူမနှင့်ယှဉ်လျက် ဖြည်းဖြည်းမောင်းရင်း သူခေါ်ဖြစ်သည်။ သူမက ဘာစကားမှပြန်မပြောဘဲ လမ်းကို ပို၍ ခပ်သွက်သွက်လျှောက်သည်။

"ယွန်း. . . သူများတွေမြင်ရင် ကိုယ့်ကိုတစ်မျိုးထင်ပါဦးမယ်"

"အထင်မခံချင်ရင် သွားလေ၊ ဘယ်သူကတားထားလို့လဲ"

ပက်ခနဲပြန်၍ဆိုသော သူမကို အော်ရယ်ပစ်ချင်သော်လည်း သူအော်မရယ်ရဲ။ တော်ကြာ အခြေအနေပိုဆိုးသွားနိုင်သည်၊



"နေပါဦး. . . ယွန်းက ဘာလိုင်းကြီး ကိုယ့်ကို ဘာစိတ်ခုနေတာတုန်း"

ဘေထုပ်ကိစ္စနှင့် စိတ်ခုနေမှန်းသိသိကြီးနှင့် တမင်မသိယောင်ဆောင်တာ သူမေးဖြစ်သည်။

သူမက လမ်းလျှောက်နေရာက ရုတ်တရက် ရပ်ပစ်သည်မို့ သူကားကို လိုက်ရပ်ဖြစ်သည်။

"ကဲပါ ယွန်းရယ်၊ ဒီအချိန်၊ ဒီလိုတနင်္ဂနွေရက်မျိုးက လိုင်းကားအရမ်းကြပ်တာ၊ လိုက်ခဲ့ပါ၊ မကျေနပ်တာရှိရင် ကားသွားရင်းနဲ့ပြောလည်း ဖြစ်နေတာပဲ၊ တက်ပါ ယွန်းမတက်မချင်း ကိုယ်က လိုက်ခေါ်နေမှာနော်"

တတွတ်တွတ်ဆိုသော သူ့စကားအဆုံးမှာ သူမက နောက်ခန်းတံခါးကိုဖွင့်ပြီး ဝင်ထိုင်သည်။ သဘောက သူ့ဘေးမှာ ရှေ့ခန်းမှာ မထိုင်ဘူးဆိုသည့်သဘော။ နေရင်းထိုင်ရင်းနှင့် ဒရိုင်ဘာဖြစ်သွားသော ကိုယ့်ကိုယ်ကို သနားစွာပင် သူ ကားကိုမောင်းဖြစ်သည်။

"သူများတွေ့အမြင်မှာတော့ ဒရိုင်ဘာနဲ့ မမလေးလို့ မြင်ကြမှာပဲနော် ဟွန်း"

စကားစသော သူ့အဆိုကြောင့် တင်းနေသော သူမ၏ မျက်နှာက နည်းနည်းတော့ ပြုံးမယောင်ယောင်ဖြစ်ကာသွားသည်။

ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ ကိုယ့်ရုပ်ခံနဲ့ ကိုယ့်ဥပမိရုပ်နဲ့ ကိုယ်ပဲလေ၊ ဒရိုင်ဘာရုပ်ခံရှိတဲ့လူက ကားအစီးတစ်ရာပဲပိုင်ပိုင် လူတွေက ဒရိုင်ဘာလို့ပဲ ထင်ကြမှာပဲ ယွန်းတို့လို ဥပမိရုပ်သန့်တဲ့လူတွေကျတော့ ဆိုက်ကားစီးရင်တောင် ရုပ်ကလေးက နန်းဆန်ပြီးတော့ လှချင်တိုင်းတွေလှနေတာ"

"လှနေ. . . တာ"ဆိုသောစကားကို သူမက ဆွဲပြီး တစ်လုံးချင်းစီဆိုသည်။ အောင့်သက်သက်ဖြစ်သွားရသော်လည်း သူ ဟက်ခနဲရယ်ဖြစ်သည်။ သူမက စူးခနဲ လှမ်းကြည့်ရင်း. . .

"ဘာရယ်တာလဲ"

ဟု ခပ်ဆောင့်ဆောင့်မေးသည်။

ဘက်မှန်ကနေ သူမကို လှမ်းကြည့်ရင်း သူနောက်တစ်ခေါက် ထပ်ရယ်ဖြစ်သည်။ သူမက ဘက်မှန်ကနေတစ်ဆင့် ပြန်ကြည့်ရင်း 'ဘာရယ်တာလဲ၊ လူကိုခနဲ့နေတာလား'ဟု ထပ်၍မေးပြန်သည်။

"မခနဲ့ပါဘူး"

"ဒါဖြင့် ဘာကိစ္စရယ်တာလဲ"

"စိတ်မဆိုးဘူးဆိုရင် ပြောပြမယ်လေ"

သူ သူမကို စကားဖြင့်အပိုင်ချည် ဖြစ်သည်။

"စိတ်ဆိုးစရာ မဟုတ်ရင်တော့ စိတ်မဆိုးဘူးပေါ့၊ ပြောဘာလဲ"





သူမကလည်း လုံးဝကြီးတော့ အလျှော့မပေး၊ မယုတ်မလွန်ပြန်၍ဆိုသည်။

"ဒီလိုပါ. . . ကိုယ်တို့ကျတော့ ဘယ်လောက်ကြီး တန်ဖိုးကြီးတဲ့ အဝတ်အစားတွေဝတ်ဝတ် အရောင်မထွက်ဘူး၊ တချို့တချို့တွေကျတော့ ဘေထုပ်ထဲကဟာတွေ ဝတ်ထားရင်တောင် လှချင်တိုင်းလှနေတာလို့ တွေးမိလို့ပါ"

သူ့စကားအဆုံးမှာ သူမမျက်နှာတွေ နီမြန်းကသွားသည်။

"ရှင့်ကို အဲဒီဘေထုပ်အကြောင်း လာမပြောနဲ့လို့ ယွန်းပြောထားတယ်နော်၊ ရှင်ဆက်ပြောရဲ ပြောကြည့် တံခါးဖွင့်ပြီး ခုန်ချပစ်မှာ၊ မလုပ်ဘူးမထင်နဲ့"

သူမက အာခေါင်ခြစ်ကာအော်သည်မို့ သူ ရယ်ချင်စိတ်ကို ချုပ်ထိန်းရင်း မျက်နှာပိုးကို သတ်ဖြစ်သည်။

"မပြောနဲ့ဆိုလည်း မပြောတော့ပါဘူး၊ ဒီကလည်း ပြောချင်လွန်းလို့မဟုတ်ပါဘူး၊ မမလေးက အတင်းမေးလို့ ပြောရတာပ"

"ဘာမမလေးလဲ၊ ရှင်နော်. . . ရှင် ယောက်ျားကြီးတန်မဲ့ စကားကို ထေ့ငေါ့ပြီးမပြောနဲ့"

"တဲ. . . တဲ ဘာမှမပြောတော့ဘူး ဟုတ်ပြီလား"

သူ ပါးစပ်ကိုပိတ်ရင်း ကားကိုသာ အာရုံစိုက်မောင်းဖြစ်သည်။

သူမကတော့ ဘက်မှန်ထဲကနေ သူ့ကို မျက်လုံးပြူးကြော



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရင်း တစ်ကြိမ်ပြီးတစ်ကြိမ် အကြိမ်ပေါင်းများစွာ မျက်စောင်း ထိုးကာနေသည်။

"တော်သေးတာပေါ့ ပန်းချီဆရာမို့လို့၊ ကဗျာဆရာတို့၊ စာရေးဆရာတို့များဖြစ်ရင် ဒီဘေထုပ်အကြောင်းကို ထည့်ရေးပြီးတော့ ဘယ်လောက်များ ဖွဲ့နွဲ့လိမ့်မလဲမသိဘူး၊ တစ်ခါလေးဝယ်မိပါတယ် ပြောလို့ကိုမဆုံးတော့ဘူး"

သူမက နောက်ခန်းမှနေ ပွစိပွစိ ရေရွတ်သည်။

"ကိုယ်က ဘေထုပ်အကြောင်း ဘာမှမပြောဘူးနော်၊ ယွန်းဘာသာယွန်း ဘေထုပ် ဘေထုပ်နဲ့ ရွတ်နေတာ"

သူ ဘက်မှန်မှကြည့်ရင်း ဆိုဖြစ်သည်။

"ဟုတ်ပါတယ်၊ ကျွန်မရဲ့အမှားပါ၊ တစ်ခါဆို ဆိုသလောက်ပါပဲ၊ တစ်ခါလေး ဝယ်မိလို့သာပေါ့၊ ခဏခဏသာဆို ဘယ်လောက်ပြောလိမ့်မလဲမသိဘူး"

"ဒါနဲ့ အဲဒီအင်္ကျီနှစ်ထည် ဝတ်တာလဲမတွေ့ဘူးနော်"

သူ ရယ်ကျဲကျဲနှင့်ပင် မေးဖြစ်သည်။

"ယောကျ်ားကြီးတန်မဲ့နဲ့ စပ်စုလှချည်လား၊ ယွန်းဘာသာယွန်း ဝတ်ဝတ်မဝတ်ဝတ် ကိုပြုံးတေဇ အပူလား"

သူမက ပတ်ခနဲပြန်၍ဆိုရင်း နှုတ်ခမ်းကိုကိုက်သည်။

"ဘာရယ်မဟုတ်ပါဘူး၊ သေသေချာချာ ရွေးထားပြီးမှ မဝတ်ဖြစ်ရင် အခိပ္ပာယ်မရှိ ဖြစ်သွားမှာစိုးလို့ပါ၊ အဆင်လေးတွေက လည်းလှ. . . ဒီဇိုင်း. . ."

"တော်တော့"

သူ့စကားပင်မဆုံးသေး သူမက တော်တော့ဟု မျက်လုံးစုံမှိတ်ကာအော်သည်။ ဘာရယ်တော့မဟုတ် 'ရှက်အမ်းအမ်းနှင့် နီရဲနေသော သူမ၏ပါးအိုလေးကို သူ ချစ်မိသွားတာကတော့ အမှန်ပဲဖြစ်သည်။

နှုတ်ခမ်းသေးသေးလေး၊ လူကောင်သေးသေးလေးဖြစ်သော်လည်း သူမ၏အသံကတော့ လုံးဝကျယ်သည်။ သို့သော် ယင်း စူးရှကျယ်လောင်သော အသံစူးစူးလေးသည်ပင် သူ့အဖို့တော့ နားဝင်ချိုနေသည်ပဲဖြစ်သည်။

× × × ×



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"တောင်လေး ဈေးကိုဘာမှာဦးမလဲ"

အန်တီမြတ ကေရီ၏လက်ကိုတွဲရင်း ပိတောက်ပင်အောက်ရှိ သူ့ကို လှမ်း၍ဆိုသည်။ ဘာမှမမှာတော့ဘူးဟု ဆိုရန်ပြင်ပြီးကာမှ မလှမ်းမကမ်းမှ ပေစောင်းပေစောင်းလုပ်နေသော သူမကိုမြင်တော့ သူ စချင်စိတ်ပေါ်ကာလာသည်။

"ဩော်. . . အန်တီမြရေ ဘောထုပ်တန်းရောက်ရင် ယောကျ်ားဝတ်အကျႌသစ်လေးတွေ ရှိလား တစ်ချက်ကြည့်ခဲ့ပေးပါဗျာ၊ ဒီရက်မျိုးဆို ဘောထုပ်အသစ်ဖောက်တတ်တယ်ဗျ၊ သိတယ် မဟုတ်လား အလန်းလေးတွေပါတတ်တယ်လေ"

အသံတိုမြင့်ရင်း သူဆိုဖြစ်သည်။



"အေး. . . အေး ကြည့်ခဲ့ပေးမယ်၊ စိတ်ချ"

အန်တီမြကတော့ သူဆိုလိုရင်းကို မသိသည်မို့ အရိုးခံအတိုင်းပင် 'အေး. . . အေး'ဟုဆိုကာ သားအမိနှစ်ယောက် ကော့ပက်ကော့ပက်ဖြင့် ထွက်သွားကြသည်။

သူထင်ထားသည့်အတိုင်းပင် အန်တီမြတို့ ကွယ်သွားသည်နှင့် သူမ ဘောက်ဆတ်ဘောက်ဆတ်ဖြင့် ရောက်ချလာသည်။

"ဒီမှာ"

သူမကို သူမော့ကြည့်ဖြစ်သည်။

"ရှင်. . . အဲဒီလောက်ထိ ဘောထုပ်ကို တန်းတန်းစွဲ နှတ်က မချနိုင်ဖြစ်နေရင် ဘောထုပ်တန်းက ဘောထုပ်သည်မကို ယူထားပါလား"

"အာ. . . ဘလိုင်းကြီးပါလား၊ ကိုယ်က ဈေးထဲမှာ ဘောထုပ်တန်းဘယ်ဘက်ရှိမှန်းတောင် မသိဘူး၊ ဒီတော့ ဘောထုပ်သည်မနဲ့လည်း ညားစရာမရှိဘူး၊ ဘောထုပ်ခရေဇီတွေသာ ကိုယ့်ဘာသာကိုယ်သတိထား၊ အဟမ်း. . . အဟမ်း"

"ဟောတော်. . . ယောကျ်ားကြီးတန်မဲ့ စောင်းပြောတတ်တယ်တော့၊ တော်ပြီ သွားမယ်၊ ကြာကြာမျက်နှာချင်းဆိုင်ရင် လူသတ်မှုဖြစ်တော့မယ်"

ပြောရင်း ဆတ်ခနဲလှည့်ထွက်သွားသော သူမကိုကြည့်ရင်း သူ လိုက်အော်ဖြစ်သည်။ 'အမလေး. . . ကြောက်ပါတယ်ဗျ'ဟူ၍။

× × × ×

www.burmeseclassic.com

www.burmeseclassic.com



"ကိုဖြိုးတေဇ"

"ဗျ"

ကေရီနှင့် ယွန်းတို့ နှစ်ယောက်သား ဘယ်ကပြန်လာမှန်း မသိ ပီတောက်ပင်အောက်တွင် ရှိနေသော သူ့ကို ကေရီက လှမ်း၍ နှုတ်ဆက်သည်မို့ 'ဗျ'ဟု သူထူးဖြစ်သည်။

"ကိုဖြိုးတေဇက ပုံတူတွေကော ဆွဲမှာပေါ့၊ ကေရီတို့ နှစ်ယောက်ကို ဆွဲပေးလေ"

ကေရီက ယွန်း၏လက်ကို တွဲထားရင်းဆိုသည်။

"သူလား ပုံတူဆွဲတတ်မှာ၊ သူ့ကိုဆွဲခိုင်းလို့ကတော့ ပုံတူ



ထွက်လာမှာမဟုတ်ဘူး၊ သရဲပုံတွေပဲထွက်လာမှာ"

သူမက ကေရီကိုပြောသလိုလိုနှင့် သူ့ကိုရိသည်မို့ ဟက်ခနဲ သူရယ်ဖြစ်သည်။ ထုံးစံအတိုင်း သူမက. . .

"ဘာရယ်တာလဲ၊ မှန်တာပြောလို့ ရှက်ရယ်ရယ်တာလား"

ဟု ခပ်ဆောင့်ဆောင့်ဆိုသည်။

"မဟုတ်ပါဘူး၊ ဟိုဟာသလေးတို့ သွားသတိရလို့"

"ဟာသဆိုရင် ပြောပြလေ"

သူ့စကားကို ကေရီက ဝင်၍ထောက်သည်။

"ဒီလိုလေ. . . စောစောက ယွန်းပြောသလိုပေါ့၊ သရဲပုံတွေ ဆိုတဲ့အကြောင်းပေါ့"

"ဟင်း. . . ပြောမှာသာပြောပါ"

ကေရီက ယွန်း၏ပခုံးပေါ် မေးတင်ကာ ယွန်းကို နောက်မှ သိုင်းဖက်ရင်းဆိုသည်။

"တစ်နေ့မှာတဲ့ ပန်းချီပြခန်းမှာ လူနှစ်ယောက်က ပန်းချီကားတွေလာကြည့်ရင်းနဲ့ တစ်ယောက်ကပြောတယ်၊ ပုံတူပန်းချီကား တွေထဲမှာ ဒီပုံတူပန်းချီကားလောက် ရုပ်ဆိုးတာမမြင်ဖူးဘူး၊ သရဲနဲ့ တူလိုက်တာလို့ ပြောတယ်၊ စောစောက ယွန်းပြောသလိုမျိုးပေါ့"

သူ စကားစကိုဖြတ်ပြီး သူမကို တစ်ချက်လှမ်းကြည့်ဖြစ်သည်။ သူမကတော့ မျက်နှာကို တင်းကာထားသည်။

"အဲဒါနဲ့ နောက်တစ်ယောက်က ပြောတယ်တဲ့၊ ဟဲ့. . . မှ

www.burmeseclassic.com

www.burmeseclassic.com



တိုးတိုး ပြော အဲဒါ ပုံတူပန်းချီကားမဟုတ်ဘူး၊ ကြည့်မှန်ကြီးတဲ့"

သူ့စကားအဆုံးမှာ ကေရီက တခွီးခွီးဖြင့်ရယ်သည်။ သူမကတော့ နှုတ်ခမ်းကြီးကိုက်ပြီး သူ့ကို ဘုကြည့်ကြည့်သည်။

"တိုက်ဆိုင်မှုရှိရင် ခွင့်လွှတ်ကြပါ၊ အဟမ်း. . . အဟမ်း တချို့က သရဲရုပ်နဲ့တူတယ်လို့ပြောပေမယ့် ပုံတူပန်းချီမဟုတ်ဘဲနဲ့ တကယ့်ပုံတူ ကြည့်မှန်တွေကိုကြည့်ပြီး ပြောမိတတ်ကြတယ်လေ"

သူမကို ရွဲ့ပြောနေမှန်းသိသည်မို့ သူမမျက်နှာက နီသထက်နီကာလာသည်။ ကေရီကတော့ သူမကိုကြည့်ပြီး ခွီးခနဲရယ်သည်။

"တစ်ခါတလေကျတော့လည်း တချို့ပန်းချီဆရာတွေက နာမည်ကသာ ပန်းချီဆရာ နာမည်ခံတာ၊ မော်ဒန်လို့ ခေါင်းစဉ်တပ်ပြီးတော့ ခပ်တည်တည်နဲ့ လုပ်စားနေတဲ့လူတွေ ပတ်ဝန်းကျင်မှာ တစ်ပုံကြီး တေရီရဲ့"

သူမက မျက်နှာကိုချီရင်း ဆိုသည်။

"အင်း. . . ပြောပြပါဦး ဥပမာတစ်ခုလောက်"

မီးလောင်ရာလေပင့်ဆိုသလို မရွှေကေရီက ယွန်းကို ပင့်၍ဆိုသည်။

"တစ်ခါက ပန်းချီပြခန်းတစ်ခုမှာ မော်ဒန်ပန်းချီဆရာလို့ သူ့ကိုယ်သူ နာမည်တပ်ထွားတဲ့ ခပ်ထောင်ထောင်နဲ့ ထောင့်မကျိုးတဲ့ လူတစ်ယောက်ရှိတယ်၊ သူ့ပန်းချီကားတွေကို တစ်ရက်မှာ တစ်စုတစ်စည်းတည်း ပြတယ်တဲ့"





"ရုပ်ခပ်ချောချောနဲ့ ပန်းချီဆရာပဲဖြစ်မယ်၊ ဥပမာ ကိုယ့်လိုပေါ့"

အကျီကော်လံကိုထောင်ရင်း သူ ခပ်ရွတ်ရွတ်ဆိုဖြစ်သည်။

"တစ်ရက်ကျတော့ ပန်းချီဆရာဆိုတဲ့လူက သူ့မိတ်ဆွေတစ်ယောက်ကို ကပ်ပြီး ခပ်တိုးတိုးပြောတယ်၊ ပြခန်းလာတဲ့ မိတ်ဆွေတချို့က ကျုပ်ဆွဲတဲ့ မော်ဒန်ပန်းချီပုံတွေတိုင်းကို မျက်လုံးပြင်ဆွဲခိုင်းနေတယ်ဗျ၊ ဆိုပြီးတော့ပေါ့"

"ပန်းချီဆရာကို ဟိုလူက ဘာပြန်ပြောလဲ"

ကေရီက ယွန်း၏စကားကို ခပ်ပြုံးပြုံးဖြင့် ထောက်သည်။

"ဩော်. . . ဟိုလူက ပန်းချီဆရာကိုပြောတာပေါ့၊ ပြန်ပြင်ဆွဲပေးလိုက်လေဗျာ၊ မျက်လုံးလေးပဲ ပြင်ဆွဲရမယ့်ဥစ္စာ ဆိုပြီးတော့ပေါ့၊ အဲဒီမှာ ပန်းချီဆရာက ခပ်တိုးတိုးပြန်ပြောတယ်၊ အဲဒါက ကိစ္စမရှိဘူးဗျ၊ ခက်တာက ကျုပ်ရဲ့ပန်းချီကားတွေမှာ မျက်လုံးဘယ်မှာရှိမှန်း ကျုပ်မသိဘူးတဲ့"

ယွန်း၏စကားအဆုံးမှာ သူပြုံးဖြစ်သည်၊ ကေရီကတော့ တခွီးခွီးဖြင့် ရယ်သည်။ သူမကတော့ အောင်နိုင်သူတစ်ယောက်လို မိန့်မိန့်ကြီး ပြုံးသည်။

"ကိုပြုံးတေဇရော စောစောက ယွန်းပြောသလို ပန်းချီဆရာပဲလား"ဟု မေးရင်း ကေရီက ဆက်၍ရယ်သည်။

သူဘာမှမပြောဖြစ်။ ကိစ္စတစ်ခုကို ဥပမာတစ်ခုဖြင့် ပက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ချေပနိုင်သော သူမကို စိတ်ထဲမှာတော့ ကျိတ်ပြီး အထင်ကြီးသွားမိသည်၊ လျှော့တွက်၍မရဟုလည်း တွေးမိသည်။

"တဲ့. . . ကိုဖြိုးတေဇမှာကော ချေပစရာ ပုံပြင်ရှိသေးလား"

ကေရီက ကြိုးဝိုင်းထဲမရောက်ရောက်အောင် ပို့သည်။

"ရှိတော့ရှိပါတယ်၊ ဒါပေမယ့် မပြောတော့ပါဘူး"

လေပြေနှင့်ဆိုသော သူ့ကို သူမက 'မပြောတတ်တော့ဘူး မဟုတ်လား'ဆိုသောသဘောဖြင့် ကြည့်သည်။

"ယွန်းရော. . . ပန်းချီဆရာတွေနဲ့ပတ်သက်ပြီး ပြောစရာ ဥပမာတွေရှိသေးလား၊ ပြောစရာရှိရင်ပြောနော်၊ အားမနာနဲ့"

ကေရီက မီးစကို ခတ်ဆီလောင်းသလို ဆိုသည်။

"မပြောတော့ပါဘူး၊ တချို့က မှန်တာပြောရင် ခံနိုင်ရည် မရှိကြဘူး၊ သိတယ်မဟုတ်လား မျက်နှာတွေပျက်၊ ပြီးတော့လေ"

သူမက သူ့ကိုမျက်စပစ်ရင်း ပေါ်တင်ကြီးဆိုသည်၊ သူ 'ဟတ်'ခနဲသာ ရယ်ဖြစ်သည်၊ သူမက ကလေးအတော်ဆန်သည်၊

'မပြောတတ်တာမဟုတ်ဘူး ယွန်းရေ၊ မင်းခံနိုင်ရည်မရှိမှာ စိုးလို့ ထပ်ချေပပြီးမပြောတာ၊ အဲဒါ မင်းကိုချစ်နေလို့ကွ'ဟု စိတ်မှာ ဆိုဖြစ်သည်၊

သူ့ရင်ထဲမှ စကားအဓိပ္ပာယ်များကို သူမ နားမှနားလည်ပါစ။

× × × ×





"ဟဲ့. . . ကောင်လေး"

"ဗျာ"

ကားအား ဖုန်သုတ်နေစဉ် ခေါ်သော ခေါ်လှရီကို သူထူးဖြစ်သည်။

"အားတော့နာတယ်ဟယ်"

ကြိုတင်စကားခံနေသော ခေါ်လှရီကို သူလှမ်းကြည့်တော့ လက်ထဲမှဆွဲခြင်းကိုင်ထားသည်ကို တွေ့ရသည်၊ 'အားနာသည်'ဆိုသော စကားနှင့် ဆက်စပ်ကြည့်သောအခါ ဈေးလိုက်ပို့နိုင်းမည်ဟူသော အဖြေထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အားမနာပါနဲ့၊ ဘာခိုင်းစရာရှိလို့လဲ ခိုင်းပါ၊ သူစိမ်းတွေမှမဟုတ်တာ"

"ဘာ"

သူ့စကားကြောင့် ဒေါ်လှရီက 'ဘာ'ဟုဆိုသည်။ ချက်ဆိုနားခွက်ကမီးတောက်သော ဒေါ်လှရီကိုး။

"မဟုတ်ဘူးလေ အဒေါ်ရဲ့၊ အဒေါ်ပဲ ပြောဖူးတယ်လေ၊ အိမ်နီးနားချင်း ဆွေမျိုးရင်းဆို၊ အမျိုးအရင်းကြီးဆိုမှတော့ သူစိမ်းတွေမဟုတ်ဘူးပေါ့ဗျာ၊ ဟုတ်ဘူးလား"

ရယ်ကျဲကျဲဆိုသော သူ့စကားကြောင့် ဒေါ်လှရီက ဗိုင်းခနဲသူ့ကို မျက်စောင်းထိုးသည်။ ပြီး

"တဲ. . . ကဲ အဲဒါနဲ့ လိုရင်းကပျောက်တော့မယ်၊ ဒီလိုကွဲ့ အိမ်မှာ ချက်စရာပြုတ်စရာကလည်း တုန်နေပြီ၊ သမီးကလည်း မနေ့က ခေါင်းလျှော်ရေချိုးတာကြာလို့ အအေးမိပြီးဖျားနေတယ်၊ ဒီတော့ ဈေးကို မသွားမဖြစ် မြန်မြန်သွားပြီး မြန်မြန်ပြန်ရမယ်၊ အဲဒါ မင်းကို လိုက်ပို့နိုင်းမလို့"

"အာ. . . ရပါတယ် အဒေါ်ရဲ့၊ ဒါလေးများ အခုသွားကြမယ်လေ"

သူတက်ကြွစွာပင် ဆိုဖြစ်သည်။

"ငါ ဆိုပြန်ထည့်ပေးပါ့မယ်"

ကားပေါ်တက်ထိုင်ရင်း ဒေါ်လှရီက အားနာဟန်ဖြင့်ဆို



သည်။

"အဒေါ်ရယ် ဆီပြန်ထည့်ပေးစရာမလိုပါဘူး၊ အဒေါ်စကားပြောရင် အရမ်းသူစိမ်းဆန်တာပဲဗျာ၊ အားနာရမဲ့လူမှ မဟုတ်တာပဲ"

ကားမောင်းနေရင်းက အရယာရှိရှိပင် သူဆိုဖြစ်သည်။ ဒေါ်လှရီကတော့ 'ငါသိနေတယ်နော'ဟူသောသဘောဖြင့် မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း နှုတ်ခမ်းကို တင်းတင်းစေ့သည်။

"ဒါနဲ့ မနေ့က စနေမဟုတ်လားဗျ"

"အေးလေ. . . ဒီနေ့တနင်္ဂနွေ၊ ဘာဖြစ်လို့တုန်း"

သူ့အမေးကို ဒေါ်လှရီက အလိုက်သင့်ပင် ပြန်၍ဖြေသည်။

"အဒေါ်ပြောနေကြစကား ရှိတယ်လေ၊ ဗုဒ္ဓဟူးနေ့ခေါင်းလျှော်ရင် လာဘ်ပိတ်တတ်တယ်ဆိုတာ အခု ယွန်းက စနေနေ့ကြီးခေါင်းလျှော်တာကို ဖျားတယ်ဆိုတော့ နတွေးမရလို့ပါ"

ပြောရင်း ဟက်ခနဲရယ်သော သူ့ကို ဒေါ်လှရီက ဆတ်ခနဲလှည့်ကြည့်သည်။

"ဟဲ့. . . သူက ခေါင်းလျှော်တာကြာလို့ ဖျားတာပဲ၊ ဖျားတာက လာဘ်ပိတ်တာမှ မဟုတ်တာ၊ ဘာတွေလျှောက်ပြီးပြောနေတာလဲ"

ဒေါ်လှရီ၏စကားကြောင့် သူပြုံးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မှားနေပြီ၊ အဒေါ်တွေးတာမှားနေပြီ၊ အာရောဂျဲ ပရမ်လာဘ်တဲ့၊ ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးမဟုတ်လား အဒေါ်ရဲ့၊ ဖျားတယ်ဆိုတာ လာဘ်အကြီးကြီးပိတ်တာ"

'ပိတ်'နှင့် 'တာ'ကြားကို အသံဆွဲပြီးဆိုသော သူ့ကို ဒေါ်လှရီက ဘာမှပြန်၍မဆိုတော့။ သူ့စကားကို ဆက်ဖြစ်သည်။

"တော်သေးတာပေါ့နော်၊ ဘာပဲပြောပြော စနေနေ့မှာ ခေါင်းလျှော်လို့ ဖျားရုံပဲဖျားတာ၊ ဗုဒ္ဓဟူးနေ့သာ ခေါင်းလျှော်ရင် လေတွေဘာတွေဖြတ်ပြီး ပါးစပ်တွေဘာတွေရွဲ့သွားနိုင်တယ်"

"ဟုတ်ပါတယ်တော်၊ အစ်ကိုလေးပြောတာ အကုန်မှန်ပါတယ် အစ်ကိုလေးရဲ့၊ စိတ်ညစ်ရတဲ့အထဲမှာ သူကတမျောင့်"

ဒေါ်လှရီ၏ ခပ်ရွဲ့ရွဲ့စကားကြောင့် သူ ဟက်ခနဲရယ်ဖြစ်သည်။

× × × ×



"ကားပေါ်မှာပဲ သီချင်းလေးဘာလေးနားထောင်ပြီး စောင့်နေပေါ့"

ဈေးသို့ရောက်သောအခါ ဒေါ်လှရီက အထက်ပါအတိုင်း ဆိုရင်း ကားပေါ်ကဆင်းသည်။ သဘောက မလိုက်ခဲ့နဲ့ဆိုသည့် သဘော။

"ကျွန်တော်လည်း ဝယ်စရာနည်းနည်းပါးပါးရှိတယ်၊ လိုက်ခဲ့မယ်"

သူ ကားတံခါးကို ခပ်သွက်သွက်လော့ခ်ချရင်း လိုက်ခဲ့ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ပေး ပေး အဒေါ်၊ ကျွန်တော် ဆွဲခြင်းဆွဲပေးမယ်"

ပြောပြောဆိုဆိုပင် ဒေါ်လှရီလက်ထဲမှ ဆွဲခြင်းကို သူလှမ်းယူဖြစ်သည်။ ဒေါ်လှရီက ဆွဲခြင်းကို 'ရတယ်'ဟုဆိုရင်း ကျိတ်ကာ မြန်၍ဆွဲထားသည်။

"ပေးပါ အဒေါ်ရယ်၊ အားမနာပါနဲ့၊ သူစိမ်းတွေမှမဟုတ်တာ"

ရယ်ကျဲကျဲဖြင့်ဆိုရင်း သူ ဆွဲခြင်းကို ဖွတ်ဆွဲယူတော့မှ ဒေါ်လှရီ၏ ဆွဲခြင်းက လက်ထဲပါကာလာသည်။ ဒေါ်လှရီက

"အေး. . . မင်းလည်းပဲ သူစိမ်းမဟုတ်ဘူးဆိုတဲ့စကား ပြောတာ အကြိမ်ပေါင်း သုံးသိန်းလောက်ရှိနေပြီ၊ နည်းနည်းများနေပြီ၊ ဟွန်း မပြောချင်ဘူး"

ဟု ခပ်ဆောင့်ဆောင့်ဆိုရင်း ရှေ့မှနေ ကော့ပက်ကော့ပက်ဖြင့် လျှောက်သည်။

"ငါ့ညီမတို့သားအမိ အခုမှဈေးလာတယ်ပေါ့"

ငါးရံ့ခြောက်ဝယ်သောဆိုင်မှ အန်တီကြီး၏ လောကွတ်စကားကြောင့် ဒေါ်လှရီတစ်ယောက် မျက်နှာကြီးပျက်ကာသွားသည်။ ပြီး 'သားအမိမဟုတ်ဘူး'ဟုဆိုရန် အပြင်မှာ သူ ခပ်သွက်သွက်ပင်. . .

"ရောင်းကောင်းလား အန်တီ"

ဟု တမန်းတတန်း ငါးခြောက်သည်အန်တီကြီးကို





ဝင်နှုတ်ဆက်ပစ်လိုက်သည်။ အန်တီကြီးက ပြုံးပြရင်း. . .

"အေး. . . ရောင်းကောင်းပါတယ်သားရယ်၊ အမလေး အမေကို ဈေးဆွဲခြင်းတွေဘာတွေ ဆွဲကူလို့ လိမ္မာလိုက်တာ၊ ရုပ်ကလေးကလည်း အမေတူမို့လို့ထင်တယ် ချောလိုက်တာ၊ ကိုရီးယား မင်းသားလေးတျနေတာပဲ"ဟု ဆိုသည်။

"မြောက်နေပြန်ပါပြီ၊ အန်တီဘာစားမလဲပြော"

ဟုဆိုရင်း သူ ပြုံးစိစိဖြင့် ဒေါ်လှရီကို လှမ်းကြည့်သောအခါ ဒေါ်လှရီက 'များနေပြီနော်'ဟူသောသဘောဖြင့် ခပ်ဆတ်ဆတ်ကြည့်သည်။

ငါးခြောက်ဆိုင်မှ ကျော်လာသောအခါ ဒေါ်လှရီက သူ့ကို လှည့်ကြည့်သည်။

"အတော်ပဲ၊ ဆွဲခြင်းဆွဲတဲ့လူပါလာတော့ နောက်ရက်တွေအတွက်ပါ တစ်ခါတည်းဝယ်သွားမယ်၊ ရေခဲသေတ္တာထဲ ထည့်ထားလို့ရနေတာပဲ ဟုတ်ဘူးလား"

ဒေါ်လှရီ သူ့ကိုပညာပြတော့မည်ဟု ပေဒင်မမေးဘဲ သူသိနေသည်။

"ဝယ်ပါအဒေါ်ရဲ့၊ ပြောနေစရာလားဗျာ၊ တခြားလူလည်း မဟုတ်ဘဲနဲ့"

သူကလည်း ရအောင်စကားထည့်ဖြစ်သည်။

"ဒီလိုဆို အားမနာတော့ဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လှရီက သွားကိုစေ့ကာ အံကိုကြိတ်ရင်း တရုတ်သိုင်းကားများထဲကလို 'အားမနာတော့'ဘူးဟုဆိုသည်။

ပြီး. . .

ကြက်တစ်ပိဿာ၊ ဝက်တစ်ပိဿာ၊ တော်တော်လေးသော ဗူးသီးနှစ်လုံးတို့ကို တစ်ဆက်တည်းဝယ်သည်။

"ဗူးသီးတစ်လုံးက မမြတို့ကို လက်ဆောင်ပေးမလို့၊ လေးနေပြီလားဟင်"

အိုဗာဖြစ်နေသော အိုက်တင်ဖြင့် ဒေါ်လှရီဆိုသည်။

"မလေးပါဘူး၊ ယောကျ်ားလေးပဲဗျာ၊ ဒီလောက်ကတော့ လုံးဝအေးဆေး"

သူ ဟန်လုပ်ကာပြုံးရင်း ဆိုဖြစ်သော်လည်း လက်ကတော့ ရှည်ထွက်လုမတတ် ဆွဲနေရပြီဖြစ်သည်။ ဒေါ်လှရီ တစ်ဖက်အလှည့်မှာ သူ့မျက်နှာကို ရှုံ့မဲ့ထားဖြစ်သည်။

"မင်းလည်း ဝယ်စရာရှိတယ်ဆို၊ ဝယ်လေ"

လက်နှစ်ဖက်စလုံးမအားသော သူ့ကို ဒေါ်လှရီက ရိသလို ထေ့သလိုဖြင့် ဆိုသည်။ သူပြုံးရင်း ခေါင်းညိတ်ပြဖြစ်သည်။

"ဝယ်မှာပါ အဒေါ်၊ အေးဆေးပေါ့"

အခွင့်မပေးစတမ်း သူဆိုဖြစ်သည်။

သို့နှင့်

ပဲပြားပဲပင်ပေါက်ဆိုင်ရှေ့သို့ အရောက် ဆိုင်ရှင်ကောင်မလေးက တစ်စခန်းထကာ ဒေါ်လှရီကို လောကွတ်ဆိုသည်။

"ဟယ်တော့ ငါတို့အဒေါ်ကြီးက သူ့သားချောချောလေးကို အခုမှ ဈေးခေါ်လာတယ်၊ ဒီလိုမှန်းသိရင် အရင်ရက်တွေကတည်းက ပဲပြားတွေပိုထည့်ပေးပါတယ်၊ ယောကွမတော်ချင်လို့"

ရွှတ်နောက်နောက်ဆိုသော ပဲပင်ပေါက်သည်၏ စကားအဆုံးမှာ ဒေါ်လှရီ၏မျက်နှာကြီး ရှုံ့မဲ့ကာသွားသည်။

"ရောင်းကောင်းလား ညီမလေး"

ခပ်ညှုညှုမေးသော သူ့အမေးကို ပဲပင်ပေါက်သည်က ပြုံးရင်းဖြေသည်။

"ရောင်းကောင်းတယ်အစ်ကို၊ အစ်ကိုဈေးလာတဲ့နေ့မို့လား မသိဘူး၊ အဟင်း. . . ဟင်း"

"ကဲ. . . ကဲ သွားမယ်ဟေ့၊ သွားမယ်"

ပဲပင်ပေါက်သည်နှင့် လေပေးလေယူဖြောင့်နေသော သူ့ကို မျက်စောင်းဖြင့်ကြည့်ရင်း ဒေါ်လှရီက ဆိုသည်။

"အမေမပါလည်း ညီမဆိုင်ကိုပဲ လာဝယ်နော် လာအားပေးနော် ကိုကြီး"

ကောင်မလေးက နောက်ကနေ လိုက်အော်ဖြစ်အောင်အော်သည်။

"ဟုတ်ပြီ. . . ညီမလေး လာခဲ့မယ်နော်"

သူကလည်း သံယောဇဉ်မပြတ်သလိုမျိုး ပြန်လှည့်ကာဆိုဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။

“ဟဲ့. . . ကောင်လေး မြန်မြန်လာ၊ နင့်နှာဗူးကြောထနေတာက ကိစ္စမရှိဘူး၊ အိမ်မှာ ငါ့သမီးက ဖျားနေတာ တစ်ယောက်တည်းဟဲ့”

ဒေါ်လှရီက ခပ်ငေါက်ငေါက်ဆိုရင်း ရှေ့မှ ဘောက်ဆတ်ဘောက်ဆတ်ဖြင့် သွားသည်။ သူပြုံးရင်း နောက်မှနေ အလေးအပင်တွေမကာ-လိုက်ရသည်။

“ဟောတော် ဒီနေ့က ဆွဲခြင်းကိုင်တွေ ဘာတွေနဲ့ပါလား”

ဆိုင်ဝယ်စဉ် ဆီသည်ကြီးက နှုတ်ဆက်သည်။

“ဟုတ်တယ်. . . အိမ်ကဒရိုင်ဘာလေ၊ အဟက် ဟက်”

ဒေါ်လှရီ၏အဆိုကြောင့် သူ အင့်ခနဲ အရှိက်ထိသွားမိသည်။

“နောက်နေ့တွေ ပြဿနာမရှုပ်အောင်လို့ ရှင်းလိုက်တာကျေနပ်လား”

“ရပါတယ်အဒေါ်ရဲ့၊ တခြားလူလည်းမဟုတ်ဘဲနဲ့ များဘယ်လိုပဲပြောပြော ရပါတယ်ဗျ”

ဒေါ်လှရီ၏အဆိုကို သူပြန်၍နှိပ်တွပ်ဖြစ်အောင် နှိပ်ကွပ်လိုက်သည်။ ဈေးတအပြန် ဖေါကန်နေဟန်တူသော ဒေါ်လှရီတစ်ယောက် တစ်လမ်းလုံး စကားမဆို။ ဘာပဓွည်းမှ မဝယ်ဖြစ်သောသူကတော့ မသိမသာ ကြိတ်၍ပြုံးဖြစ်သည်။

× × × ×



“မင်းမိဘတွေက ဘာလုပ်တာလဲ”

ဒေါ်လှရီက တရားခံစစ်သလိုမျိုး သူ့ကိုဆိုသည်။

“ဟုတ်ပ. . . အိမ်ချင်းသာကပ်နေတယ် တစ်ခါမှမမေးဖြစ်ဘူး”

အန်တီမြက ထောက်ခံသမှုပြုသည်။

“ကျွန်တော့်ဖေဖေက ဆရာဝန်ပါ၊ ဝန်ထမ်းဆိုတော့ ကျရာဒေသမှာ နေရတယ်လေ၊ တစ်နေရာထဲမှာ မနေရဘူး၊ ဖေဖေပြောင်းတဲ့နောက်ကို မေမေကလိုက်ရတယ်၊ မေမေကတော့ ဖေဖေ့နောက်အမြဲလိုက်နေရတော့ ဘာအလုပ်မှမလုပ်ဘူး”

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စကားအဆုံးမှာ အန်တီမြက. . .

"ညီအစ်ကိုမောင်နှမရော ဘယ်နှယောက်လဲ"

ဟု မေးသည်။

"ကျွန်တော်တစ်ယောက်တည်းပါပဲ"

မလှမ်းမကမ်းမှနေ၍ နားထောင်နေသော သူမဆီ တစ်ချက်လှမ်းကြည့်ရင်း သူဆိုဖြစ်သည်။

"တစ်ဦးတည်းသောသားပေါ့၊ တစ်ဦးတည်းသောသားတွေက တစ်ကိုယ်ကောင်းဆန်တတ်တယ်ဆို"

ဒေါ်လှရီက အန်တီမြကိုပဲ မေးသလိုလို သူ့ကိုပဲမေးသလိုလို နှင့် ဆိုသည်။ သူမ လက်ခနဲ တစ်ချက်ပြုံးသည်ကို သူမြင်လိုက်ရသည်။ သူတစ်ပါးကို နှိပ်ကွပ်ဖို့ဆို 'သားအမိတွေ တယ်လည်းတက်ညီလက်ညီရှိသကိုး'ဟု သူတွေးဖြစ်သည်။

"ဒါဖြင့် တစ်ဦးတည်းသောသမီးကျတော့ရော"

သူ၏ တန်ပြန်အမေးကြောင့် ဒေါ်လှရီက စွေခနဲ သူ့ကို လှမ်းကြည့်သည်။ ပြီးနောက် နှုတ်ခမ်းကိုမဲ့ကာ. . .

"တူမလားဟဲ့. . . ယောကျ်ားလေးနဲ့ မိန်းကလေးက၊ ယောကျ်ားဆိုတာ ဘယ်ယောကျ်ားပဲဖြစ်ဖြစ် မိန်းကလေးတွေထက် တစ်ကိုယ်ကောင်းဆန်ကြတာပဲ၊ တစ်ဦးတည်းသောသားတွေက ပိုဆိုးတယ်၊ ပိုပြီးတော့လည်း တစ်ကိုယ်ကောင်းဆန်တယ်၊ ပိုပြီးတော့လည်း တဇွတ်ထိုးတဇောက်ကန်းနိုင်တယ်၊ အတ္တလည်းကြီးတယ်"



ဒေါ်လှရီက မမောနိုင်မပန်းနိုင် Non Stop ဆိုသည်။

"အဲဒီလိုတော့လည်း တရားသေမှတ်ထားလို့တော့ မရဘူး ပေါ့ဗျာ၊ လောကကြီးမှာ အကြီးဆုံးမို့လို့ ဆိုးတဲ့လူနဲ့ အလတ်မို့လို့ ဆိုးတဲ့လူနဲ့ အငယ်ဆုံးမို့လို့ ဆိုးတဲ့လူနဲ့ ဆိုးချင်တဲ့လူကတော့ ဘယ်လို လူပဲဖြစ်ဖြစ် ဆိုးမှာပဲ၊ အတ္တကြီးမှာပဲပေါ့ဗျာ၊ တစ်ဦးတည်းသောသား မို့လို့ ပိုပြီးဆိုးတယ်ရယ်လို့တော့ မကြားဖူးပါဘူး"

"အမလေး ပြောတတ်လိုက်တာ"

သူ၏စကားအဆုံးမှာ ဒေါ်လှရီက 'ပြောတတ်လိုက်တာ'ဟု ငေါ်တော့တော့ဆိုသည်။ အန်တီမြကတော့ ဒေါ်လှရီကိုကြည့်ပြီး ခွိုးခနဲ ရယ်သည်။

"တစ်ဦးတည်းသောသားဖြစ်ပြီးတော့ လိမ္မာတဲ့လူကျတော့ လည်း မဟာတရားကြီးကို လိမ္မာတာ၊ ဥပမာ- ကျွန်တော့်လိုသားမျိုး ပေါ့၊ လိမ်လည်းလိမ္မာ၊ ရုပ်ကလည်းချောချင်တိုင်းတွေချော၊ စိတ်ထား ကလည်း အားကြီးကောင်းတော့ လူချစ်လူခင်ကလည်း ပေါတယ် လေ"

သူ့စကားအဆုံးမှာ ဒေါ်လှရီက

"မှန်ပါတော်. . . မှန်ပါ"

ဟု ရွဲ့၍ ထောက်ခံသည်။

သူမကိုတစ်ချက်လှမ်းကြည့်တော့ သူ့စကားကြောင့် ပြုံးကာ နေသည်။ ပန်းပင်ပဲကိုင်သလိုလို သစ်ရွက်ပဲခူးသလိုလို လုပ်ကာနေ

www.burmeseclassic.com

www.burmeseclassic.com



သော သူမကို သူ လှမ်း၍ကြည့်နေသည်မှာ မည်မျှကြာသွားသည်မသိ ဒေါ်လှရီက အဟမ်း. . . ဟမ်းဟု ချောင်းကိုလုပ်ကာဆိုးတော့မှ ကမန်းကတန်း အကြည့်ကိုခွာဖြစ်သည်။

မလုံမလဲဖြင့် ဒေါ်လှရီကို လှမ်းကြည့်တော့ မတော်ရသေးသော ယောက္ခမကြီးက သူ့ကို ဗိုင်းခနဲ မျက်စောင်းထိုးသည်။

× × × ×



"တို့တစ်တွေ ယုဇနပလာဇာကို အတူတူသွားကြမလား"

အန်တီမြက ပိတောက်ပင်အောက်ရှိ ဒေါ်လှမို ယွန်းနှင့် တေရိတို့ဘက်လှည့်ရင်း ဆိုသည်။

"သွားမယ်လေ. . . ပလာဇာမရောက်တာကြာပြီ"

ယွန်းကထရပ်ကာ လက်ခုပ်တီးရင်းဆိုသည်။ သူ့အခန်းရှေ့ဝရန်တာမှာ တံမြက်စည်းလှည်းရင်း သူပြုံးဖြစ်သည်။

"ပလာဇာမှာ ဘောထုပ်ဆိုင်မရှိဘူးနော်"

ဟုများ လှမ်းကာပြောလိုက်လို့ကတော့ မရွှေချောခြေထောက်ဆောင့်တာ ဒေါါကန်မှာ မြင်ယောင်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"တိုဖြိုးတေဇရဲ့ ကားနဲ့ သွားကြမယ်လေ"

ဇေကရိက သူကိုမျက်စပစ်ရင်း သူမ၏အမေ အန်တီမြကို ဆိုသည်။

"ဒါပေါ့. . . တို့တိုက်တန်းလျားတစ်ခုလုံး အတူတူသွားကြမယ်လေ"

အန်တီမြတို့ သားအမိ စကားအဆုံးမှာ ဒေါ်လှရီနှင့်ယွန်းက သူ့ဆီ ပြုံးတုလှမ်းကြည့်ကြသည်။

"ဟိုကားပိုင်ရှင်ကိုလည်း အားလားလို့မေးပါဦး၊ အပိုင်ပြောမနေကြနဲ့၊ သူများက လိုက်ချင်မှန်းမသိ၊ မလိုက်ချင်မှန်းမသိ"

ဒေါ်လှရီက တစ်ယောက်တည်း ရေရွတ်သလိုလိုနှင့် ဘယ်သူ့ကိုမှ မကြည့်ဘဲဆိုသည်။ ယွန်းက 'ဟုတ်ပ'ဟု ထောက်ခံသည်။

"အာ. . . သူစိမ်းတွေမှမဟုတ်တာ၊ အိမ်နီးနားချင်း ဆွေမျိုးရင်းတွေ သွားချင်တယ်ဆိုရင် လိုက်ပို့ပေးရမှာပေါ့ဗျာ၊ ကျွန်တော်တပန်းချီဆွဲရင် ညပိုင်းဆွဲတာများတော့ နေ့ခင်းဘက်ဆို အားပါတယ်"

"ဟေး. . . ဒါဆိုပြင်ကြမယ်၊ အခုပဲသွားကြရအောင်"

ဇေကရိက လက်ခုပ်တီးကာဆိုရင်း သူမအခန်းဘက် ပြေးဝင်ကာသွားသည်။ သူစိမ်းတွေမှမဟုတ်တာဆိုသော သူ၏လက်သုံးစကားအဆုံးမှာ ဒေါ်လှရီကတော့ စူးခနဲကြည့်သည်။ သူဘာကိုဆိုလိုမှန်း ဒေါ်လှရီတစ်ယောက် သိနေခဲ့သည်ကိုး။

× × × ×



'အချစ်လား'လို့ တံခါးခေါက်ရင်းမေးတော့

အထဲကနေ ပြန်ပြီးဖြေတယ်

'ဟင့်အင်း သံယောဇဉ်ပါ'တဲ့။

× × × ×

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လှရီက ကေရီ၊ ယွန်းတို့နှင့် နောက်ခန်းမှာထိုင်ပြီး အန်တီမြက ရှေ့ခန်းမှာထိုင်သည်။ ကားမောင်းရင်း ဘက်မှန်မှလှမ်းကြည့်ဖြစ်တော့ သူမက တစ်ချက်တစ်ချက် သူ့ကိုလှမ်းလှမ်းကြည့်သည်နှင့် အကြည့်ချင်းသွားသွားတိုက်သည်။

"ကားကိုကောင်းကောင်းမောင်းဟေ့. . . ငေးရင်းမောရင်း၊ တွေးရင်းတောရင်း မမောင်းနဲ့၊ ပလာဇာမရောက်ဘဲနေမယ်၊ ငါမပြောချင်ဘူး"

ဒေါ်လှရီ၏စကားကြောင့် သူ မသိမသာပြုံးဖြစ်သည်။ အတွက်မှန်သမျှ ကြို့ကြို့မြင်နေသော ဒေါ်လှရီကို သူ ကြိတ်၍



ချီးကျူးဖြစ်သည်။

မသိမသာတစ်ချက်လှမ်းကြည့်တော့ သူမမျက်နှာကြီးနီကာနေသည်ကို တွေ့ရသည်။ ဒေါ်လှရီ ထပ်ပြောလာမည်ကို ကြောက်သည်မို့ သူ တားကိုသာ အာရုံစိုက်ပြီး မောင်းဖြစ်သည်။

အန်တီမြတို့ သားအမိကတော့ သူနှင့်ဒေါ်လှရီတို့ သားအမိကို တစ်လှည့်စီကြည့်ရင်း ပြုံးပြုံး ပြုံးပြုံးဖြင့် လုပ်ကာနေသည်။

"အန်တီမြကို ပြောထားရဦးမယ်"

ကားမောင်းရင်းဆိုသော သူ့စကားကြောင့် အန်တီမြက

"ဘာများတုန်း"

ဟု ပြုံးစိစိဖြင့်မေးသည်။

"ပလာဇာမှာ ဘေထုပ်ဆိုင်မရှိဘူးမဟုတ်လား"

"အေး. . . မရှိဘူးလေ"

'ဘေထုပ်'ဆိုသော အသံကြားသည်နှင့် ယွန်းက စွေခနဲ သူ့ကိုကြည့်သည်။ သူတမင်ပြောနေမှန်းသိသည်မို့ ကေရီက ခွီးခနဲ ရယ်သည်။

ဒေါ်လှရီက 'မင်းမလဲကွယ် ငါတို့သားအမိ တစ်ခါလေးဝယ်မိပါတယ် ပြောလို့ကိုမဆုံးတော့ဘူး၊ အသည်းထဲမှာများ ကမ္ပည်းထိုးထားသလားဟဲ့၊ ကြုံတိုင်းကို ပြောနေတော့တာပဲ"

ဟု ခပ်ဆောင့်ဆောင့်ဆိုသည်။

"မဟုတ်ပါဘူးဗျာ၊ အခေါ်ကလည်း ဗဟုသုတအဖြစ် မေး

www.burmeseclassic.com

www.burmeseclassic.com



ကြည့်တာပါ"

"ယုံပါလိမ့်မယ် အားကြီးကြီး"

ဒေါ်လှရီက သူ့စကားကို ပက်ခနဲပြန်၍ဆိုသည်။ ပလာဇာ၏ ကားပတ်ကင်မှာ ကားရပ်ပြီး ကားပေါ်မှအဆင်း ဒေါ်လှရီက ချောင်းကိုဟန့်သည်။

"အဟမ်း. . . ကေရီနဲ့ ယွန်းနဲ့က ဝယ်ချင်တာတွေ နှစ်ယောက်သား သွားဝယ်ကြ၊ အမေရယ်၊ အန်တီမြရယ်၊ ကိုဖြိုးတေဇရယ်က တခြားဝယ်စရာတွေ လိုက်ဝယ်မယ်၊ လေးဆယ့်ငါးမိနစ်ကြာရင် ဒီကားမှာပြန်ဆုံမယ်၊ ဟုတ်ပြီလား၊ ကဲ သွားကြ၊ သွားကြ"

ဒေါ်လှရီက သူ့ဘာသာသူ အဆိုတင်သွင်းပြီး သူ့ဘာသာသူ ဆုံးဖြတ်ချက်ချကာ ဘယ်သူ့ကိုမှ ဘာမှအပြောမခံတော့ဘဲ 'သွားကြ သွားကြ'ဟု ဆိုသည်။ ကေရီကတော့ သူ့ကိုတစ်ချက်လှမ်းကြည့်ရင်း ခွိခနဲလက်ဖြင့်ဖုပ်ကာ ရယ်သည်။ သူကတော့ ခေါင်းကိုသာ တုတ်ဖြစ်သည်။

"ရပါတယ်၊ ကေရီတို့နှစ်ယောက်တည်း ကိုယ့်ဘာသာကိုယ် သွားကြ၊ အဒေါ်တို့ အန်တီမြတို့လည်း ကိုယ့်ဘာသာကိုယ် သွားကြ၊ ကျွန်တော်လည်း တစ်ယောက်တည်း လွတ်လွတ်လပ်လပ်ဂိုးမယ်"

"မရဘူး"

သူ့စကားအဆုံးမှာ ဒေါ်လှရီက 'မရဘူး'ဟု ခေါင်းယမ်းရင်း ဆိုသည်။



"ငါနဲ့မမြနဲ့က မသွားတတ် မလာတတ်နဲ့ ဖြစ်နေမှာပေါ့၊ ဒီတော့ ငါတို့နဲ့ မင်းလိုက်ခဲ့"

"ဟာဗျာ. . . ဒါဖြင့်လည်း ကေရီတို့နဲ့ တစ်ခါတည်းလိုက်သွားပေါ့ဗျာ၊ ကျွန်တော်လည်း ဝယ်စရာရှိတာ ဝယ်ဦးမှာပေါ့"

ဒေါ်လှရီကို သူ အကြောက်အကန်ဆိုဖြစ်သည်။

"ဟဲ့. . . သူတို့က မိန်းကလေးပိပိ ဟိုဝယ်ဒီဝယ် လွတ်လွတ်လပ်လပ် ဝယ်ပါစေ၊ ငါတို့အဘွားကြီးနှစ်ယောက်ကလည်း ဟိုဝယ်ဒီဝယ် ဝယ်မယ်လေ၊ မင်းက ငါတို့ကို လမ်းလေးဘာလေးပြရင်း မင်းဝယ်ချင်တာဝယ်ပေါ့၊ မဝယ်နဲ့လို့မတားပါဘူး၊ ပိုလိုက်တာ"

"ပြီးရောဗျာ. . . ပြီးရော"

သူ ဆောင့်ကြီးအောင့်ကြီးနှင့်ပင် ဒေါ်လှရီကို ဆိုဖြစ်သည်။ သူမကို လှမ်းကြည့်တော့ သူမက ညစ်ကျယ်ကျယ်ရယ်ရင်း သူ့ကို ကြည့်သည်။

'အဲဒီပုံစံတွေပဲ ငါမင်းကို ဟတ်ထိနေတာ'ဟု စိတ်ထဲမှဆိုရင်း သက်ပြင်းကို ဟင်းခနဲ ချဖြစ်သည်။ မယ်တော်နှစ်ပါးနှင့် ပလာဇာတစ်ခွင် ပြုပြုစင်အောင် သွားရတော့မည်ကိုး။

× × × ×

www.burmeseclassic.com

www.burmeseclassic.com



'ကြုံလို့ကတော့ ကြုံရင်ကြုံသလို ပညာပေးဦးမှ'ဟု ဒေါ်လှရီကိုကြည့်ရင်း သူတွေးဖြစ်သည်။ မတော်ရသေးသော ယောက္ခမကြီးအလစ်ကို လစ်ထွက်ရင်တောင်းမလားဟု သူတွေးရင်း အကွက်ကိုချောင်းနေဖြစ်သည်။

ဒေါ်လှရီနှင့် အန်တီမြတို့နှစ်ယောက် ဖာအကျီစဆိုင်မှာ ဖာပိတ်စရွေးနေကြတုန်း ခြေဖျားထောက်ကာ သူလစ်ရန်ခြေအလှမ်း

"ဟဲ့. . . ဟဲ့ ဒါကဘယ်တုန်း"

မျက်စိဒေါက်ထောက်ကြည့်နေသလား မသိသော ဒေါ်လှရီ၏ အော်သံကြောင့် သူ့ခြေလှမ်းတွေ လေထဲမှာတင် ရပ်တန့်ကာသွားသည်။



"ဘယ်မှမသွားပါဘူး။ ဒီလိုပဲ ဓာညောင်းဆန့်နေတာ အဖဲ"

သူခေါင်းကိုခါရင်း လက်ကိုကာရင်း ဆိုဖြစ်သည်။

"အေး. . . ဘယ်မှလျှောက်မသွားနဲ့နော်၊ ငါတို့က သွားတတ်လာတတ်တာမဟုတ်ဘူး။ ကြားလား"

ဒေါ်လှရီက 'ငါသိနေတယ်'ဆိုသောပုံစံဖြင့် ဆိုသည်။

"ဟုတ်. . . ကဲ့"

သူ စိတ်ပျက်စွာပင် ဟုတ်ကဲ့ဖြစ်သည်။ 'ဒီနေ့အဖို့တော့ ပြီးပြီပေါ့'ဟု သူတွေးမိသည်။ ဒီအချိန်ဆို ယွန်းတို့ ဘယ်ရောက်နေမည်မသိ။

"ကဲ ကဲ လာ၊ ပထမထပ်တက်ရအောင်၊ မင်းရှေ့ကသွား"

ပိတ်စဆိုင်မှအထွက် ဒေါ်လှရီက သူ့ကို ရှေ့မှသွားရန်ဆိုသည်။ 'ဒီလိုမှန်းသိရင် မအားဘူးလုပ်လိုက်တယ်ကွာ၊ တောက်'ဟု စိတ်မှာရေရွတ်ရင်း ရှေ့မှနေ သူချီတက်ဖြစ်သည်။

သို့နှင့်

ပထမထပ်ရှိ အမျိုးသမီးဖက်ရှင်ဆိုင်တစ်ဆိုင်ရှေ့အရောက် ဒေါ်လှရီက ခြေစုံရပ်ကာ အကျီတစ်ထည်ကို ကိုင်ကာကြည့်သည်။

"ဟယ်. . . လှလိုက်တာ"

နှုတ်မှရေရွတ်သော ဒေါ်လှရီကို သူ နှိပ်ကွပ်လိုက်ဦးမှဟု တွေးရင်း

www.burmeseclassic.com

www.burmeseclassic.com



"အဒေါ် . . . အဲဒါက ကလေးတွေဝတ်တာလေ၊ အဒေါ့် အသက်အရွယ်ကြီးနဲ့ ဘယ်လိုလုပ်ဝတ်မှာလဲ"

ဟုဆိုဖြစ်သည်။

"ဟဲ့ . . . ငါကလည်း ငါဝတ်မယ်၊ ငါ့ဖို့လို့ ပြောနေလို့လား၊ ငါ့သမီးဖို့ကြည့်နေတာ၊ ငါ အဲဒီလောက်ထိ ခေတ်နောက်မကျဘူး မအဘူး"

ဒေါ်လှရိက သူ့ကိုကြည့်ကာ အံကြိတ်ရင်းဆိုသည်။ အန်တီမြနှင့် ဧင်းဖတ်ရှင်ဆိုင်မှ အရောင်းစာရေးမကတော့ သူနှင့်ဒေါ်လှရိကိုကြည့်ပြီး ရယ်သည်။

"ဩော် . . . ယွန်းဝတ်ဖို့လား၊ ဒါဆိုရင်တော့ ဒီအကျႌကသေးမယ်"

သူ့အကျႌကိုတိုင်ကြည့်ရင်း ဆိုဖြစ်သည်။

"မသေးပါဘူး၊ အံကိုက်လောက်ပါပဲ"

ဒေါ်လှရိက အကျႌကိုဖြန့်ကြည့်ရင်း ဆိုသည်။

"ဩော် . . . အဒေါ်တလည်း သေးပါတယ်ဆိုဗျာ၊ ယွန်းနဲ့ဆိုရင် ကျပ်ကျပ်ကြီးဖြစ်နေမှာပေါ့၊ ဒီထက်ဆိုဒ်ကြီးတာမှ အနေတော်လောက်ဖြစ်မှာ"

"ဟုတ်လား၊ ဘာ. . . ဘာပြောတယ်"

အယောင်ယောင်အမှားမှားဖြင့် 'ဟုတ်လား'ဟု ဆိုပြီးကာမှ ရုတ်တရက် 'ဘာပြောတယ်'ဟု သူ့ကိုအော်သည်။



"မဟုတ်ဘူးလေ အဒေါ်ရဲ့၊ မျက်စိထဲမှာ မြင်ကြည့်တာပါ၊ တွေးကြည့်တာက ပြေးကြည့်တာထက်"·

"တော်စမ်း. . . ပြေးလည်းမကြည့်နဲ့၊ ငါ့သမီးကို တွေးလည်းမကြည့်နဲ့၊ မျက်စိထဲမှာလည်း မြင်မကြည့်နဲ့၊ မင်းနော် မင်း ငါမပြောလိုက်ချင်ဘူး"

အကျႌကို အရောင်းစာရေးမလက်ထဲ ဆောင့်ထည့်ကာ ဒေါ်လှရိတစ်ယောက် အန်တီမြလက်ကိုဆွဲကာ ရှေ့သို့ ဆောင့်ကြီးအောင့်ကြီး ချီတက်သည်။

အန်တီမြက ပြုံးဖြီးဖြီးကြီးနှင့် ပါသွားသည်။ သူကတော့ ပြုံးစိစိနှင့်ကြည့်နေသော အရောင်းစာရေးမကို ပခုံးတွန့်ပြဖြစ်သည်။

ပြီး ရှေ့မှသွားနေသော မတော်ရသေးသည့် ယောက္ခမကြီးကို 'မှတ်ဟာ'ဟု နောက်မှနေ ပြောင်ပြဖြစ်သည်။

× × × ×

www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်လုံး စကားမပြောဘဲ မျက်နှာကြီးတည်ကာထားသော ဒေါ်လှရီနှင့် သူ့အား ပြုံးစိစိလှမ်းကြည့်ရင်း ဒေါ်လှရီနောက်လိုက်နေသော အန်တီမြတို့ နှစ်ယောက်၏နောက်မှ ခပ်ခွာခွာပဲ သူလိုက်ခဲ့ဖြစ်သည်။

ဝယ်ချင်တာတွေ ဝယ်ကြပြီးနောက် ဒေါ်လှရီနှင့် အန်တီမြတို့ နှစ်ယောက် ကားပါကင်ဘက်သို့သွားသည်။ သူပါ ကုတ်ချောင်းချောင်းဖြင့် လိုက်ခဲ့ဖြစ်သည်။

"မေမေတို့ကလည်း ကြာလိုက်တာ"

ကြိုရောက်နေသော ယွန်းက ဆီး၍ဆိုသည်။



"အေးပေါ့ဟဲ့. . . ဟိုကြည့်ဒီကြည့်နဲ့ဆိုတော့ ဒီလိုပဲပေါ့၊ ညည်းတို့ဝယ်ချင်တာတွေ စုံပြီလား"

ဒေါ်လှရီက ယွန်းကို အမေးရှိသည်။

"စုံလည်းစုံပြီ၊ တုန်လည်းကုန်ပြီ"

ကေရီတ လက်မနှင့်လက်ညှိုးကို ဝိုင်းပြကာ ငွေကုန်ပြီဟု ဆိုသည်။

"ငွေကိုချွေတာသုံးလို့ မာမီပြောထားတယ်နော်၊ ငွေသိပ်သုံးတာ သမီးရဲ့ဒက်ဒီသိရင် မလွယ်ဘူး"

အန်တီမြက ကေရီ့ကို ကြိမ်းသည်။

"ကဲကဲ ပြန်ရအောင်လေ၊ ဘယ်သွားဦးမလဲ"

ဒေါ်လှရီက အန်တီမြတို့ကြည့်ရင်း မေးသည်။ အန်တီမြက 'မရှိတော့ဘူး' ဆိုသည်။ အားလုံး ကားပေါ်ရောက်သောအခါ ယွန်းက

"မေမေ သမီးအတွက် ဘာဝယ်ခဲ့သေးလဲ"ဟု မေးသည်။

"ဘာမှမဝယ်ခဲ့ဘူး"

ဒေါ်လှရီကလည်း ခပ်ဆတ်ဆတ်ပင် ပြန်၍ဖြေသည်။

"မေမေကလည်း အင်္ကျီလေးတစ်ထည်လောက် ဝယ်ပေးတာမဟုတ်ဘူး"

"ဝယ်ပေးဦးမလို့ပဲဟော့၊ မဝယ်ဖြစ်လို့"

"ဒါနဲ့များ ဝယ်ခဲ့ရောပေါ့၊ ဘာဖြစ်လို့ မဝယ်ခဲ့တာလဲ"

"ပါးစပ်ပိတ်ထားစမ်း မိယွန်း၊ စကားကိုများတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လှရီ၏ တစ်ချက်လွှတ်အမိန့်ကြောင့် ယွန်းတစ်ယောက် နှုတ်ဆိတ်ကာသွားသည်။

အန်တီမြကတော့ အကြောင်းစုံသိသူမို့ ပြုံးလို့သာနေသည်။ ဒေါ်လှရီကတော့ အခဲမကျေဟန်ဖြင့် ဘက်မှန်ကနေ သူ့ကို လှမ်းလှမ်းပြီး ကြည့်တာနေသည်။

ထို့ကြောင့် သူ ဘက်မှန်ကို သိပ်မကြည့်ဖြစ်တော့ဘဲ ကားကို သာ အာရုံစိုက်မောင်းဖြစ်သည်။

× × × ×



တစ်နေ့ သူ့သူငယ်ချင်းတစ်ယောက်က ခရီးသွားစရာရှိသည် မို့ အင်းခွေးကြီးတစ်ကောင်ကို သူ့ဆီလာအပ်သွားသည်။ ခွေးက သူနှင့်ရင်းနှီးပြီးသားမို့ ပြဿနာမရှိ။

ပြဿနာရှိသည်က ထုံးစံအတိုင်း ဒေါ်လှရီဖြစ်သည်။

"ဟဲ့. . . ကောင်လေး၊ နင် ခွေးမွေးထားတာလား"

"မမွေးပါဘူး၊ သူငယ်ချင်းခရီးသွားလို့ သုံးရက်ထဲထိန်းပေး ထားရမှာ"

သူ ခေါင်းခါရင်းဆိုဖြစ်သည်။

"အေး. . . အဲဒီခွေးကို ငါ့ဘက်မလာစေနဲ့၊ ငါ့သမီးက

www.burmeseclassic.com

www.burmeseclassic.com



ခွေးဆို အသေကြောက်တာ၊ မင်းအခန်းထဲမှာပဲထား၊ ဖြစ်နိုင်ရင် ကြိုးချည်ထား"

အမိန့်ပေးသည့်ပုံစံဖြင့် ဒေါ်လှရီဆိုသည်။

"ဒီခွေးက ကြီးသာကြီးတယ် မကိုက်တတ်ပါဘူးဗျ၊ ဟောင်ပဲ ဟောင်တတ်တာ၊ ကိုက်ပါဆိုရင်တောင် မကိုက်ဘူး"

သူ့ခွေးဘက်က ရှေ့နေလိုက်ဖြစ်သည်။

"ဟဲ့. . . တိရစ္ဆာန်ပဲ ဘယ်အတတ်ပြောလို့ရမလဲ၊ သူကိုက်ချင် ထကိုက်မှာပေါ့၊ ငါပြောသလို အိမ်ထဲမှာပဲထားပါ"

"ဟုတ်ပါပြီဗျာ. . . ဟုတ်ပါပြီ"

သူ ခပ်ရွတ်ရွတ်ပင်ဆိုဖြစ်သည်၊ ထိုစဉ်မှာပင် ဖုန်းဝင်လာ၍ ကြည့်လိုက်တော့ ဒေါ်လှရီ၏ အမေအိမ်မှ ဖုန်းဖြစ်နေသည်။

"အဒေါ်. . . ဒီမှာ အဒေါ့်ဖုန်း"

"ဩော်. . . အေး. . . ပေး"

ဒေါ်လှရီက ဖုန်းကိုယူရင်း 'ပေး'ဟုဆိုသည်။

"အမေ. . . ဟုတ်တဲ့အမေ၊ အမေ့မြေးတ သင်တန်းသွားတယ်၊ သူနဲ့ပြောချင်ရင် ဒီနေ့ညနေပဲဖြစ်ဖြစ် မနက်ဖြန်မနက်ပိုင်းပဲဖြစ်ဖြစ် ခေါ်လေ၊ ဒါမှမဟုတ် သူပြန်လာရင် သမီးခေါ်ခိုင်းလိုက်မယ်၊ ဘယ်လို အမေခေါ်မှာလား၊ ဟုတ်ပြီ ဟုတ်ပြီ၊ သမီး အမေ့မြေးကို မှာထားလိုက်မယ်၊ ဒါပဲနော် အမေ"

ဖုန်းကို ဒေါ်လှရီက သူ့ဆီပြန်ပေးရင်း 'ကျေးဇူးပါကွယ်'ဟု



ဆိုသည်၊ သူ့စိမ်းတွေမှ မဟုတ်တာဗျာဟု သူ စိတ်ထဲမှနေ ပြန်ဆိုဖြစ်သည်။

× × × ×

www.burmeseclassic.com

www.burmeseclassic.com



အချစ်လား

သူက မမျှော်လင့်ထားဘဲနဲ့

ရင်ထဲကို ဗရွတ်သုတ်ခကြီး ဝင်ချင်ဝင်လာတတ်တာမျိုး။

× × × ×



နောက်တစ်နေ့ မနက်ခင်းမှာတော့ ယွန်း၏အဘွားဆီမှ ဖုန်းဝင်လာသည်။ ဖုန်းက အားကုန်နေသည်မို့ ဖုန်းကို ယူသွားပေးရှိကမရ။ 'ခဏကိုင်ထားပါဦး'ဟုဆိုပြီး ဖုန်းကိုချထားကာ သူမကို သွားရှာခေါ်ခြင်းဖြစ်သည်။

"ယွန်းရေ"

"ဘာလဲ"ဟု သူမက ခပ်ဆောင့်ဆောင့်ထူးသည်။

"ယွန်းရဲ့အဘွားဆီက ဖုန်းလာတယ်၊ ယွန်းနဲ့ပြောချင်လို့တဲ့၊ ဖုန်းက အားမရှိလို့ ဘက်ထရီ CHARGING သွင်းထားတာ တန်းလန်းကြီး။ အဲဒါ အိမ်ထဲလိုက်ပြောမှ ဖြစ်မယ်"

www.burmeseclassic.com

www.burmeseclassic.com



သူ အကျိုးအကြောင်း ရှင်းပြဖြစ်သည်။

"ဟုတ်တယ်သမီးရေ. . . သမီးအဘွား မေမေ့ကို မနေ့က တည်းက ပြောခိုင်းထားတယ်၊ မေမေမေ့နေလို့"

အိမ်ထဲမှ လှမ်း၍အော်သော ဒေါ်လှရီ၏အသံကြားမှ သူမက သူနောက်သို့ လိုက်လာသည်။

"ဟိုထိုင်ခုံဘေးမှာ ဖုန်းက"

ဖုန်းကို သူညွှန်ပြပြီး ပန်းချီကားအချို့ကို သူ ဟိုရွှေ့ဒီရွှေ့ လုပ်နေဖြစ်သည်။ သူမက ဟမ်းဖုန်းကို ကြိုးတန်းလန်းကြီးနှင့် ဖုန်းပြောကာနေသည်။

အဘွားဖြစ်သူအား ချွဲနေသော သူမကို ခိုးခိုးကြည့်ရင်း သူမ၏ပခုံးကို သွားကာ ဆွဲခါပစ်ချင်စိတ် ပေါက်နေမိသည်။

ဘာလုပ်လုပ် ချစ်စရာကောင်းနေသော သူမကို သူ တစ်နေ့ တခြား ပိုပို၍ချစ်နေမိသည်ကတော့ အမှန်ပဲဖြစ်သည်။

သူမဖုန်းပြောနေသည်မှာ အတော်ကြာသည်အထိ မပြီးသေး။ 'တစ်နေကုန်ပြောရင်လည်း ကောင်းတာပဲ'ဟု သူတွေးဖြစ်သည်။

"အဘွားကလည်း ဒါပဲနော် သမီးက သင်တန်းသွားရဦးမှာ၊ ဟုတ်ကဲ့အဘွား၊ ဖုန်းချပြီနော်"

သူမက ဖုန်းကိုချပြီး ထရပ်သည်။

"အပျင်းတော်တော်ထူတာပဲ၊ ဖုန်းကို ညကတည်းက CHARGING သွင်းထားပါလား"



သူမက ခပ်တည်တည်ဖြင့် လူကိုဟောက်စားလုပ်သည်။

"ဟုတ်ကဲ့ပါခင်ဗျ. . . နောက်ဆို ဒီလိုမျိုးမဖြစ်စေရပါဘူး မမလေး"

သူ လက်ကိုနောက်ပစ် ကိုယ်ကိုရှို့ရင်း ရိုကျိုးစွာဆိုဖြစ်သည်။ ရွဲ့တဲ့တဲ့ဆိုသော သူ့စကားကြောင့် သူမ ပြုံးစိစိကြီးဖြစ်သွားသည်။

ထိုစဉ်မှာပင် သူငယ်ချင်းအပ်ထားခဲ့သော ခွေးက ဧည့်ခန်းကို ရှတ်တရက်ကြီး ပြေးဝင်လာရာ သူမလန့်ကာသွားသည်။

"အမေရေ. . . ခွေးကြီးတော့".

သူမနားကို ကပ်လာသောခွေးကို သူမက သူ့ဆီပြေးကာလာသည်။ ခွေးကလည်း သူမနောက်ကနေ အမြီးနှံ့ကာ လိုက်လာသည်။

"လုပ်ပါဦး၊ ခွေး. . . ခွေး"

သူမ အလန့်တကြားဖြင့် နောက်လှည့်ကြည့်ရင်း သူ့ကိုလာ ပြေးဖက်သည်။ အိခနဲ သူမတစ်ယောက် သူ့ရင်ခွင်ထဲ ဝင်လာသော အခါ သူ့ရင်ခုန်သံတွေ ဝုန်းဒိုင်းကြဲကာသွားသည်။

"ဟကောင် သွားစမ်း"

သူမကို တင်းကြပ်စွာဖြင့် အကြောက်ပြေစေရန်အလို့ငှာ ဖက်ထားပေးရင်း ခွေးကို သူငေါက်ဖြစ်သည်။ ပါးစပ်ကသာ 'သွားစမ်း'ဟုဆိုနေသော်လည်း လက်ကတော့ လက်ဖျစ်တီးကာ ခေါ် ဖြစ်သည်။ ဖက်ထားရင်းက လက်ဖျစ်ထထတီးနေသည်မို့ ကိုရွှေခွေး

www.burmeseclassic.com

www.burmeseclassic.com



က သွားရနိုး လာရနိုးဖြင့် နေရာမှာတင်ရပ်ကာ အမြီးလှုပ်နေသည်၊ သူလက်ဖျစ်တီးထားမှ သူမလှုပ်ရဲမည်ဖြစ်သည်၊ သို့မှသာ သူမကို ရင်ခွင်ထဲမှာ ကြာကြာဖက်ထားခွင့်ရမည်ကိုး။

"ခွေးရှိနေလား"

"ရှိသေးတယ်၊ မလှုပ်နဲ့နော်၊ ဗီကောင်က အရမ်းဆိုးတာ၊ ဟကောင် သွားဆို မသွားဘူး၊ သွားစမ်း"

'မလှုပ်နဲ့နော်'ဟုဆိုရင်း သူမ၏မျက်နှာကို သူ့ရင်ခွင်ထဲ ပြန်ဆွဲသွင်းဖြစ်သည်၊ ပြီး ကြောက်ကြောက်ဖြင့် တင်းကြပ်စွာဖက်ထားသော သူမကို သူမထက် ပိုမိုတင်းကြပ်စွာ ပြန်လည်ဖက်ထားရင်း သူငယ်ချင်းကိုရော သူ၏ခွေးကြီးကိုပါ အကြီးအကျယ် ကျေးဇူးတင်နေမိသည်၊

"မင်းရဲ့ကောင်းမှုနဲ့ ငါတော့ကောင်းစားနေပြီ ငါ့ကောင်ရေ"

စိတ်ထဲမှနေ ဘော်ဇါကို လှမ်း၍ဆိုနေဖြစ်သည်၊

"ခွေး. . . ခွေး ရှိသေးလား"

"ရှိသေးတယ်၊ မလှုပ်နဲ့ ငြိမ်ငြိမ်လေးနေရင် ဗီကောင်က မကိုက်ဘူး၊ လှုပ်ရင်တော့ အသေကိုက်တာ"

"ဟုတ်လား. . . မောင်းပေးဦးလေ"

သူမက ကတုန်ကယင်ဖြင့် မောင်းပေးဦးဟု ဆိုသည်၊

"ဟကောင် သွားစမ်း၊ ငါရိုက်မိတော့မယ်"



သူ ဟန်ဆောင်ပန်ဆောင်ပင် ခွေးကိုမောင်းဖြစ်သည်၊ ထုံးစံအတိုင်း လက်ကတော့ လက်ဖျစ်တီးကာခေါ်ဖြစ်သည်၊

"ဟဲ့. . . ဟဲ့ အမလေး ကြည့်စမ်း၊ ကြည့်စမ်း ဖုန်းဆက်တာ ဖိလောက်မကြာပါဘူးလို့ တွေးမိပြီးလိုက်လာတာ ထင်တဲ့အတိုင်းပဲ"

အံကြိတ်ကြိတ်ကာဆိုသော ဒေါ်လှရီ၏အသံကြောင့် သူ ယွန်းကိုဖက်ထားရာမှ လွှတ်ပေးဖြစ်သည်၊ သူမက ရုတ်တရက် ကြောင်နေရာမှ သတိရပြီး ခေါင်းကိုခါသည်၊

"မဟုတ်ဘူး မေမေ"

"တော်စမ်း. . . ညည်းပါးစပ်ပိတ်ထား၊ ဒီမှာ ဖြိုးတေဇမင်းကွယ် လူမြင်ကွင်းကြီးမှာ"

"မေမေ မဟုတ်ဘူး၊ သမီးတို့. . ."

"ညည်းကို ပါးစပ်ပိတ်ထားလို့ ငါပြောနေတယ်နော်"

သူဘာစကားမှ မဆိုရသေးခင်မှာ ယွန်းက ဒေါ်လှရီကို ရှင်းပြရန် ကြိုးစားသည်၊ သို့သော် ဒေါ်လှရီက လက်မခံ၊ အန်တီမြတို့သားအမိပါ သူ့အခန်းကိုရောက်လာကြသည်၊

သူ့ကို စူးရှစွာကြည့်ရင်း. . .

"ဟဲ. . . ပြော မင်းဒီကိစ္စကို ဒီအတိုင်းထားပြီး ငါ့သမီးကို အပျော်ကြံလို့တော့ မရဘူးနော်"

တစ်ကိုယ်လုံးတုန်ကာ ဒေါသထွက်နေသော ဒေါ်လှရီကို သူဘယ်လိုမှ ရှင်းပြ၍ မရနိုင်မှန်း သူသိလိုက်သည်၊ အန်တီမြနှင့်

www.burmeseclassic.com

www.burmeseclassic.com



ကေရီက ပါးစပ်တွေဟကာ ကြည့်နေကြသည်။

"ကျွန်တော် ယွန်းကို အရမ်းချစ်ပါတယ်"

"ဘာပြောတယ်၊ ရှင်နော်"

သူ့စကားအဆုံးမှာ ယွန်းက အလန့်တကြား ထအော်သည်။

ဒေါ်လူရီက 'ညည်းပါးစပ် မပိတ်သေးဘူးလား'ဟုဆိုရင်း သူ့ကို ခပ်စူးစူးကြည့်သည်။

"မင်း မိကောင်းဖခင်သားသမီး မဟုတ်လား၊ ပြော မင်းဘာ ဆက်လုပ်မလဲ"

ဒေါ်လူရီက တုန်ယင်နေသော သူ့ကိုယ်သူထိန်းရင်း ဆိုသည်။

"ကျွန်တော် ယွန်းကို လက်ထပ်ပါ့မယ်"

"ဘာပြောတယ်၊ ရှင်နဲ့ကျွန်မ"

"ပါးစပ်ပိတ်ထားစမ်း"

"မဟုတ်ဘူး မေမေ"

"မိယွန်း. . . ပါးစပ်ပိတ်ထားလို့ ပြောနေတယ်"

သူမငြင်းရန် ကြိုးစားသော်လည်း ဒေါ်လူရီက လုံးဝလက်မခံ။ အန်တီမြနှင့် ကေရီကတော့ အခြေအနေကို သိသလိုလို မသိသလိုလိုဖြင့် အူကြောင်ကြောင်တွေ ကြည့်နေကြသည်။

သူ့အနေနှင့်ကလည်း ယွန်းနှင့်ပွေ့ဖက်လျက်သားမြင်ကာ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေသည်အထိ ဒေါထန်နေသော





ဒေါ်လူရီကို ရှင်းပြ၍ မရနိုင်တော့မှန်းသိသလို ရှင်းပြဖို့လည်း မကြိုးစားချင်တော့။

"ကောင်းပြီ၊ မင်းတို့ ဒီနေ့ပဲ ရုံးတက်ပြီး လက်မှတ်ထိုးကြ၊ မင်းမိဘတွေကို အကျိုးအကြောင်း လှမ်းပြီးဖုန်းဆက်၊ ငါလည်း ဒီနေ့ပဲ နယ်ပြန်ပြီး သူ့အဘွားကို ပြန်ခေါ်မယ်၊ မိယွန်း ညည်း ကျန်ခဲ့၊ ငါပြန်လာတဲ့အထိ လက်မှတ်မထိုးရသေးဘူးဆိုရင် ညည်း ငါ့အကြောင်းသိတယ်နော်၊ ဟိုထွက်သွား၊ ဒီထွက်သွားလည်း မလုပ်နဲ့၊ လုပ်ရင် သမီးအဲပြစ်ကနေပါ စွန့်လွှတ်ပစ်မယ်၊ ဒါပဲ"

"မေမေ"

ချာခနဲလှည့်ထွက်သွားသော ဒေါ်လူရီက သူမလိုက်ခေါ်သော်လည်း လှည့်မကြည့်တော့။ အန်တီမြတို့ သားအမိနှစ်ယောက်လည်း တစ်ယောက်ကိုတစ်ယောက် လက်ကုတ်ကာ ခေါ်ကြရင်း ထွက်သွားကြသည်။

"ရှင်ဘာတွေလျှောက်ပြောလိုက်တာလဲ"

"ယွန်းကိုချစ်တယ်၊ လက်ထပ်မယ်လို့ ပြောလိုက်တာလေ"

"ရှင်. . . ဒါ ကလေးကစားစရာလို့ ထင်နေလား"

သူမက မခံချိမခံသာပုံစံဖြင့် ဆိုသည်။

"ကိုယ် ယွန်းကို တကယ်ချစ်တာပါ"

"မပြောနဲ့၊ မကြားချင်ဘူး"

သူမက နားနှစ်ဖက်ကို အုပ်ထားရင်းက ခေါင်းခါရင်းဆို



www.burmeseclassic.com

www.burmeseclassic.com



သည်၊ ထိုစဉ်မှာပင် တစ်ချိန်လုံးငြိမ်နေသော ခွေးက ယွန်းဆီ အမြီးနှံ့ကာနှံ့ကာဖြင့် ကပ်သည်။

"လာပြန်ပြီ၊ ရှင့်ခွေးကိုမောင်းဦး"

သူမအော်လိုက်ကာမှ ခွေးက ပို၍ သူမဆီကပ်သည်။ သူမ သူ့ဆီ တစ်ခေါက်ပြေးလာပြန်သည်၊ သူ ရင်ကိုဖွင့်ထားပေးဖြစ်သည်။

ရင်ခွင်ထဲ ငြိမ့်ခနဲဝင်လာသော သူမကို ဆီးဖက်ရင်း သူမ၏ နဖူးပြင်ကို ခပ်ဖွဖွနမ်းဖြစ်သည်။

"ယွန်းကို ကိုယ်အရမ်းချစ်တယ်"

"ရှင်နော်"

"မလှုပ်နဲ့၊ ငြိမ်ငြိမ်လေးနေ၊ ခွေးက လှုပ်ရင်ကိုက်တတ်တယ်"

"ဒုက္ခပါပဲ"

"ဟကောင် သွားစမ်း"

သူမကို တင်းကြပ်စွာဖက်ထားရင်း သူအော်ဖြစ်သည်။ သို့သော် သူ့လက်တွေကတော့ လက်ဖျစ်တီးကာ ၎င်းကိုခေါ်နေဆဲ၊

ကျန်လက်တစ်ဖက်ကတော့ သူမကို တင်းကြပ်စွာ ဖက်ထားဆဲ။

× × × ×



ဖူးစာလား

သူကကျတော့

အပျက်ပျက်နဲ့ နှာခေါင်းသွေးထွက်တတ်တယ်။

×××××

www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်များမက်နေသလားဟု သူတွေးနေမိသည်။ နေ့လည်ခင်းတုန်းက မင်္ဂလာဆောင်ခန်းမထဲမှာ အပေါင်းအသင်းများရော၊ နှစ်ဖက်ဆွေမျိုးများရော၊ သူ၏မိဘနှစ်ပါးရော၊ ယောက္ခမကြီး ဒေါ်လှရီရော၊ ယွန်း၏အဘွားရော လူစုံတက်စုံ။ အခုတော့ သူ့အခန်းထဲမှ မင်္ဂလာခုတင်ပေါ်မှာ သူ၏မင်္ဂလာသတို့သမီးက မျက်နှာကြီးစူပုပ်ကာ ထိုင်နေသည်။

ဖေဖေ မေမေတို့ကတော့ ယောက္ခမကြီး ဒေါ်လှရီအခန်းမှာ ဒီညအိပ်ကြမည်။ မနက်ဖြန် တာဝန်ကျသော နယ်မြို့လေးကို ပြန်မည်။



ဒေါ်လှရီခေါ် ယောက္ခမကြီးကတော့ သူမတို့၏မြို့မှာ မင်္ဂလာထပ်မဆောင်တော့ဟု ဆိုသည်။ အကြောင်းရင်းက ငွေကုန်ကြေးကျများမည်စိုး၍ ဟူ၏။

"ယွန်းရေ. . . ဒီမှာကြည့်ပါဦး မောင့်မေမေတို့ လက်ဖွဲ့ထားတဲ့ စိန်တစ်ဆင်စာ၊ ယွန်းကိုပေးတာတဲ့၊ မလှဘူးလား ကြည့်ပါဦး"

ခုတင်ပေါ်မှာ မျက်နှာကြောတင်းကြီးနှင့် ထိုင်နေသော သူမဆီ သူ စိန်ထည်များကို ပြဖြစ်သည်။

"ဘာမောင်လဲ အရှက်မရှိနဲ့၊ ဘယ်သူက ရှင့်ကို မောင်လို့ ခေါ်လို့လဲ"

"နောက်ဆို ခေါ်ရမှာပဲမဟုတ်လား ယွန်းရဲ့၊ ဒီမှာ ယွန်းကို မောင့်မေမေပေးထားတဲ့ စိန်ထည်တွေကြည့်ပါဦး"

သူ သူမရှေ့ကို ကတ္တီပါဗူးအား ထိုးပေးဖြစ်သည်။

"မကြည့်ဘူး၊ ရှင့်ကို အဲဒီစိန်တွေကြောင့် ယူခဲ့တာလည်း မဟုတ်ဘူး"

"ချစ်လို့ယူခဲ့တာ မဟုတ်လား၊ မောင်လည်း ယွန်းကို အရမ်းချစ်တာပဲ ယွန်းရယ်၊ ပြောမပြတတ်အောင်ပဲကွာ သိလား"

"ပြောမပြတတ်ရင်လည်း မပြောနဲ့ပေါ့"

သူမက သူ့ကို ဘုတောဖြစ်အောင်ပြောသည်။

"အင်းပါကွာ. . . ဒါဖြင့် အပြောနဲ့မဟုတ်ဘူး အလုပ်နဲ့ သက်သေပြမယ်"

www.burmeseclassic.com

www.burmeseclassic.com



ကတ္တီပါဖူးကို ဘေးမှာချပြီး သူမကို စွေ့ခနဲလှမ်းဖက်ဖြစ်သည်။

"ရှင် ဒါဘာလုပ်တာလဲ၊ ကျွန်မအော်လိုက်မှာနော်"

သူ့ရင်ခွင်ထဲကနေ ရုန်းပြီး သူမဆိုသည်။

"ကိုယ့်မိန်းမကိုယ် ဖက်တာပဲ ဘယ်သူ့ကို ဂရုစိုက်ရမှာလဲ၊ အော်ရဲရင်အော်လိုက်လေ၊ အော်လို့ကတော့ ဖက်ထားရုံတင်မကဘူး နောက်တစ်ဆင့်တက်ပစ်မယ် ဒါပဲ"

သူ့စကားကြောင့် သူမ ငြိမ်သက်ကာသွားသည်။

"ကျွန်မလေ ရှင့်ကို အရမ်းမုန်းတာပဲသိလား"

"မောင်ကလည်းလေ ယွန်းကို အရမ်းချစ်တာပဲဗျ သိလား"

သူပြောပြောဆိုဆိုပင် သူမကို တင်းကြပ်စွာ ဖက်ထားဖြစ်သည်။ မင်္ဂလာဦးည၏ ရင်ခုန်သံကို ချစ်သူကြားပါစေတော့။

× × × ×



A wife is a household treasure.

ဇနီးတစ်ယောက်သည် အိမ်ထောင်၏ ရတနာတစ်ပါးပင်ဖြစ်၏။

Japanese Proverb

× × × ×

www.burmeseclassic.com

www.burmeseclassic.com



တစ်ပတ်ခန့်ကြာသော်



"ဟင်. . . ဒါဖြင့် ဝါထင်တာ အကုန်တလွဲပေါ့"

ဒေါ်လှရီက ရင်ဘတ်ကိုဖိရင်း ဆိုသည်။

"မေမေက သမီးတို စကားပြောမှုမခံတာ၊ ခွေးကြောက်လို့ သူ့ကိုဆွဲမိတာပါ။ ဘာရည်းစားမှုမဖြစ်ဘူး၊ အမေလုပ်တာနဲ့ သမီးမှာ အဖတ်တင်သွားပြီ"

"ဒါပေမယ့်လည်း ခွေးကြောက်ချင်ယောင်ဆောင်ပြီးတော့ ဗိုင်တွေ့တိုင်းရေဝင်ဆေးတဲ့အနေနဲ့ မောင့်ကိုလာဖက်ထားတာ မဟုတ်လား"

သူ၏စကားကြောင့် ယောက္ခမကြီး ဒေါ်လှရီက ရယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အမလေး. . . ယောကျ်ားကြီးတန်မဲ့ သူကပဲပြောရတယ်ရှိသေး"

"ကျွန်တော်က သူ့ကို တကယ်ချစ်တာပါ၊ အမေ့ရဲ့ကျေးဇူးနဲ့ ရည်းစားမဖြစ်ဘဲ တိုက်ရိုက်မိန်းမရသွားတာ၊ ရည်းစားဘဝဆိုတာ ဘာမှန်းတောင်မသိလိုက်ဘူး၊ အဲဒါကြောင့် အခုမှ အချိန်ရရင်ရသလို အမေ့သမီးကို ရည်းစားစကားပြောနေရတယ်"

"ဟဲ့. . . ငါ့ကိုနားရှက်အောင် မလုပ်စမ်းနဲ့"

ဒေါ်လှရီခေါ် ယောက္ခမကြီးက နားနှစ်ဖက်ကိုပိတ်ရင်း ဆိုသည်။

"ရှင်လေ. . . အရှက်ကိုမရှိဘူး"

"အဲဒါ မင်းကို မောင်သိပ်ချစ်လို့ပေါ့ မိန်းမရာ"

သူ အရှုံးမခံ ပြန်၍ဆိုဖြစ်သည်။

"ဒါနဲ့ အမေကော နယ်ကိုဘယ်တော့ပြန်မှာလဲဟင်၊ ပြန်ချင်ရင်လည်း ပြန်တော့လေ"

"အောင်မာမာ နင် ယောက္ခမကို အိမ်ကနှင်နေတာပေါ့လေ၊ မပြန်ဘူးဟေ့ မပြန်ဘူး၊ ငါ့သမီးကို နှိပ်စက်မှာစိုးလို့ မပြန်နိုင်ဘူး"

သူ့စကားအဆုံးမှာ ယောက္ခမကြီးက အာခေါင်ခြစ်ကာဆိုသည်။

"ကျွန်တော်ကချည်း ပညာအပေးခံနေရတာပါ အမေရယ်၊ ကျွန်တော်က မနှိပ်စက်တဲ့အပြင် အမေ့သမီးကို ချစ်လွန်းလို့ ဟိုမှာ





စာကပ်ထားတယ်တွေ့လား၊ ဇနီးတစ်ယောက်သည် အိမ်ထောင်၏ ရတနာတစ်ပါးဆိုပြီးတော့"

"ပိုပါ"

ယောက္ခမကြီးက ပြောရင်းရယ်သည်။ သူမကပါ လိုက်၍ ပြုံးသည်မို့ သူ့ရင်ထဲမှာ ပီတိဖြာကာသွားရသည်။

"ဒါနဲ့ စောစောကစကားတောင် လိုရင်းပျောက်တော့မယ်၊ အမေ ဘယ်တော့နယ်ပြန်မှာလဲဟင်၊ အားမနာနဲ့နော်၊ အမေ ပြန်ချင်တဲ့နေ့ပြန် သိလား"

"ဟဲ့. . . သေနာကျလေး၊ နင် အဲဒီလိုပြောပြောနေလို့ကို ငါမပြန်ဘူး၊ မသေမချင်းမပြန်ဘူးတယ် ကဲ"

သူ၏ ရှုတ်နောက်နောက်စကားကြောင့် ယောက္ခမကြီးက ခပ်ရွဲ့ရွဲ့ ပြန်ဆိုသည်။ သူပါရောရယ်ဖြစ်သည်။

"ရန်ကုန်မှာတ လူရှုပ်ရှုပ်၊ ကားရှုပ်ရှုပ်နဲ့လေ အမေရဲ့"

"ရှုပ်ရှုပ်ဟယ်၊ ရှုပ်ချင်သလောက်ရှုပ်စမ်းပါစေ မသေမချင်း မပြန်ဘူးဆို၊ မပြန်ဘူးပဲ၊ လှရီတို့ ဒါမျိုးလာမစမ်းနဲ့"

"ပြန်ချင်ရင်ပြောနော်၊ အမေ ကြိတ်မှိတ်ပြီးမနေနဲ့ သိလား"

"ငါ ပါးပိတ်တီးမိတော့မယ်နော်"

သူ့စကားအဆုံးမှာ ယောက္ခမကြီးက အရယ်တစ်ဝက်ဖြင့် ဆိုသည်။ သူမက 'လူကြီးကိုနောက်စရာလား'ဟုဆိုရင်း သူ့ကိုဆွဲကာ ဆိတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အမေရေ. . . အမေ့သမီး ကျွန်တော့်ကို အနိုင်ကျင့်နေတယ်"

"ငါ့သမီး ဆွဲမဆိတ်နဲ့၊ ငရုပ်ကျည်ပွေ့နဲ့ ထိပ်ကိုထုရတယ်"

ဒေါ်လှရီက ချစ်သမက်ကို လှမ်းကြည့်ရင်း သမီးဖြစ်သူကို ဆိုသည်။ ပြီး အားလုံးရယ်ဖြစ်ကြသည်။

"ဒါနဲ့ အမေမြေးချီချင်ပြီလား"

"ရှင် အမေ့ကို ဘာတွေလျှောက်ပြောနေတာလဲ"

ယွန်းက သူ့ကိုဆွဲဆိတ်ပြန်သည်။

"ချီချင်တာပေါ့ဟဲ့"

"ကျွန်တော့်လို ရုပ်ချောချောလေး မွေးပေးခိုင်းနော် အမေ၊ သူနဲ့တူရင် ရုပ်ဆိုးမှာ၊ သိတယ်မဟုတ်လား၊ သူက အမေတူသမီးလေ"

"ဘာပြောတယ်၊ သေနာကျလေး"

ပြောပြီးပြီးချင်း ထွက်ပြေးသော သူ့ကို ယောက္ခမကြီးက မေတ္တာစကားဆိုသည်။ ဩော်. . . ဒီလိုကျတော့လည်း ပျော်စရာကောင်းပါဘိ။

× × × ×



"ဟောတော်. . . တလောကပဲ အလွတ်ကြီးရှိသေးတယ်၊ အခုလိုင်စင်ရသွားပြီလား"

ပဲပင်ပေါက်သည် ကောင်မလေးက ယောက္ခမကြီးနောက်မှ သူနှင့်ယွန်းကိုကြည့်ကာ ပါးစပ်ကြီးဟရင်းဆိုသည်။

"ချွေးမရပြီပဲ အန်တီရယ်၊ ဈေးကိုလာနေရသေးလား"

ပဲပင်ပေါက်သည်၏ စကားကြောင့် သူမက မျက်နှာကြီးမဲ့ကာသွားသလို ဒေါ်လှရီခေါ် ယောက္ခမကြီးလည်း မျက်နှာပျက်ကာသွားသည်။

"ချွေးမက မဝယ်တတ် မချမ်းတတ်တော့ အမေကိုယ်တိုင်

www.burmeseclassic.com

www.burmeseclassic.com



ဈေးလိုက်နေရတာလေဗျာ၊ ဒါတယ်မဟုတ်လား ကျွန်တော့်မိန်းမက မလုပ်တတ်မကိုင်တတ်နဲ့ အမေတူသမီးလေ၊ အဟက် ဟက်"

သူ့စကားအဆုံးမှာ ပဲပင်ပေါက်သည်ကောင်မလေးက 'ဩော် ဟုတ်လား'ဟု ရေရွတ်သည်။ ယောက္ခမကြီးနှင့် ယွန်းကတော့ သူ့ကို စူးခနဲစိုင်းကြည့်ကြသည်။ သူကတော့ ပြောချင်ရာပြောပြီး လစ်ထွက်လာခဲ့ဖြစ်သည်။

"...ိးလေးလား"

...ွန်းက... သမက်မတော်ရခင်က အိမ်ကကားဒရိုင်ဘာဟု မိတ်ဆက်ပေးဘူးခဲ့သော ဆီဆိုင်သို့အရောက် ဆီသည်အန်တီကြီးက နှုတ်ဆက်သည်။

"ဟုတ်ကဲ့"

ယောက္ခမကြီးက မျက်စိပျက်မျက်နှာပျက်နှင့် ဟုတ်တဲ့သည်။

"သမီးက အိမ်ထောင်ကျပြီလား"

"ဟုတ်ကဲ့၊ ဒါ သမီးရဲ့အမျိုးသားလေ"

ယွန်းက ဆီသည်အန်တီကြီးကို ပြန်ပြုံးပြရင်း သူ့ကို လက်ညှိုးထိုးကာ မိတ်ဆက်ပေးသည်။ ကားဒရိုင်ဘာဟု မိတ်ဆက်ပေးဖူးသည်မို့ ဆီသည်အန်တီကြီးက သူ့ကို ကောင်းစွာမှတ်မိနေသည်။ ထို့ကြောင့် ပါးစပ်ကြီးဟရင်း. . .

"ဟောတော် ရှင့်သမီးက အိမ်ကကားဒရိုင်ဘာနဲ့ ပြန်ညား





တာပေါ့"

ဟုဆိုသည်။

ယောက္ခမကြီးကတော့ အင်းလည်းမလုပ် အဲလည်းမလုပ်ဘဲ အတိတ်မေ့သလို ရွှေဖျောက်သလိုလုပ်ကာနေသည်။ ယွန်းကတော့ ဘာမှမသိရှာသူမို့ ကြောင်တောင်တောင် ရပ်ကာနေသည်။

သူကတော့ ခပ်စူးစူးလှမ်းကြည့်သော ယောက္ခမကြီးကို 'အဟီး'ဟု ချစ်ဖွယ်ကောင်းအောင် ရယ်ပြပစ်လိုက်သည်။

× × × ×



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြန်ရောက်ပြီး ဖြစ်ကြောင်းကုန်စင်ကို ပြောပြတော့မှ သူမက ခွီးခနဲရယ်သည်။ သူက ယောက္ခမကြီး၏ ရှုံ့မဲ့မဲ့မျက်နှာကို လှမ်းကြည့်ဖြစ်သည်။

“အဲဒီတုန်းက ယွန်းက ဖျားနေတာလေ၊ မောင်နဲ့ အမေနဲ့ ဈေးသွားတော့ တစ်ဈေးလုံးက သားအမိလို့ထင်နေကြတာ၊ မောင်ကလည်း တစ်လမ်းလုံး ဟုတ်ချင်ယောင်ဆောင်နေတာလေ”

“အဲဒါနဲ့ မေမေလည်း သူ့ကိုကြည့်မရတာနဲ့ ဆိုင်ရောက်တော့ ဟိုက ဘာမှမမေးခင် သူ့ကို အိမ်ကကားဒရိုင်ဘာဆိုပြီးတော့ အရင်မိတ်ဆက်ပေးလိုက်တာ”



ယောက္ခမကြီးက ယွန်းကို ရှင်းပြသည်။

“ဩော်. . . ဒါကြောင့် ကားဒရိုင်ဘာနဲ့ရတာလားလို့ ပြောတာကိုး၊ သမီးက နောက်နေတယ်ထင်တာ ဖြစ်ရမယ်”

သူမကပြောရင်း ရယ်သည်။

“ဒါနဲ့နေပါဦး. . . ပဲပင်ပေါက်သည်ဆီမှာ မင်းဘာပြောလိုက်တယ်”

ယောက္ခမကြီးက သတိရဟန်ဖြင့် သူ့ကိုမေးသည်။

“ဘာမှမပြောပါဘူး၊ ဘာပြောလို့လဲ”

“မင်းပြောင်မလိမ်နဲ့၊ ဘာ အမေတူသမီး ဘာမှမလုပ်တတ် မကိုင်တတ်ဘူး ဟုတ်လား၊ လာစမ်းပါဦး ဒီကို”

ယောက္ခမကြီးက အနီးမှကြက်မွှေးကို လှမ်းယူရင်း သူ့ကို ခေါ်သည်။

“အမေ သူစိမ်းတွေမဟုတ်ဘူးလေ အမေရဲ့၊ ရွှေသမက် ငွေသမက်ကို လုပ်ရဘူးလေ၊ မချစ်တော့ဘဲနေလိုက်မှာဗျ”

“အောင်မာ. . . ငါ့ကိုများ ပြောင်နေသေးတယ်၊ သေချင်းဆိုးလေး၊ မိလို့ကတော့ အသေပဲ”

ပြောပြောဆိုဆို ရှေ့မှပြေးသော သူ့ကို ယောက္ခမကြီးက နောက်မှလိုက်သည်။ သူမကတော့ သူနှင့်ယောက္ခမကြီးကို ကြည့်ရင်း ရယ်လို့သာနေသည်။

×××××

www.burmeseclassic.com

www.burmeseclassic.com



ထိုနှစ်ခန့်ကြာသော်



BURMESE CLASSIC .com

ပိတောက်ပင်ကြီးအောက်မှာ ကစားနေကြသော ကလေးနှစ်ယောက်တို အဘွားဖြစ်သူနှင့် အမေဖြစ်သူက ထိန်းနေကြသည်။

အမေဖြစ်သူကတော့ ပန်းချီဆွဲရင်းက မိသားစုကို လှမ်းလှမ်းကြည့်သည်။ ပိတောက်ပင်ကြီး၏အောက်တွင် ဆည်းလည်းသံ၊ ရယ်သံများဖြင့် စည်တားကာနေသည်။ အချစ်ဆိုသည်က ဖူးစာကဲ့သို့ပင် တစ်ခါတစ်ရံ၌ အပျက်ပျက်နှင့် နှာခေါင်းသွေးထွက်တတ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ပြုံမှန်ရှိ

အချစ်က ထင်ထားသည်ထက် ပိုနူးညံ့ကာ ပို၍ဆန်းကြယ်ပြီး ပိုမိုသိမ်မွေ့ကာ ပိုမိုပျော်ရွှင်မစေသည်ကတော့ အမှန်ပဲဖြစ်သည်။

ပျော်ရွှင်နိုင်ပါစေ။

ပြည့်ပိုင်မှူးအိမ်

BURMESE CLASSIC .com

www.burmeseclassic.com